# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ ပြာသိုလကွယ်နေ့ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်၊ အင်္ဂါနေ့ အတွဲ (၆၄)၊ အမှတ် (၁၂၀)


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင် (ဓမ္မပဒ - ၇၈)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


ယနေ့ ဖတ်စရာ

**မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သတင်းရယူနိုင်ရေး အသိပေးကြေညာခြင်း**
ပြည်တွင်းသတင်း စာ ၄

**"Green Spotted Triangle" လိပ်ပြာပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် ရောင်းချမည်**
ပြည်တွင်းသတင်း စာ ၅

**ပြည်ထောင်စုကြီးကို စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တည်ဆောက်ကြပါစို့**
ဆောင်းပါး စာ ၆

**အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ကျေးနဝီသတိမ အစည်းအဝေးနှင့် အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ကျင်းပမည်**
ပြည်တွင်းသတင်း စာ ၈





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီးနှင့် အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E.Mr.Abhay Thakurနှင့် ဇနီးတို့ အိန္ဒိယသမ္မတနိုင်ငံ၏ (၇၆) နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ကိတ်မုန့်ကို လှီးဖြတ်ပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း အိန္ဒိယသမ္မတနိုင်ငံ၏ (၇၆)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော့ခံပွဲအခမ်းအနားသို့ တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၂၇

အိန္ဒိယသမ္မတနိုင်ငံ၏ (၇၆) နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော့ခံပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Wydham Grand Hotel ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီးတို့ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

# ကောင်းသောအုပ်ချုပ်ရေးနှင့် အဂတိလိုက်စားမှု

ဩဇာအာဏာရှိသူ၊ လုပ်ပိုင်ခွင့်ရှိသူတို့၏ အဂတိလိုက်စားမှုများက နိုင်ငံ့တာဝန်ကို ယူထားရသည့် အစိုးရအဖွဲ့အစည်းနှင့် ဦးဆောင်သူတို့အပေါ် အများပြည်သူတို့၏ ယုံကြည်မှု၊ အားထားမှုတို့ကို ကျဆင်းစေသည်။ ဩဇာအာဏာရှိသူ၊ လုပ်ပိုင်ခွင့်ရှိသူဟု ဆိုရာတွင် အောက်ခြေအနိမ့်ဆုံးမှသည် အဆင့်မြင့်တာဝန်ယူထားရသူများအထိ ပါဝင်ပြီး အဂတိလိုက်စားမှုများ နေရာဌာနများစွာတို့တွင် ပျံ့နှံ့နေသည့်အခါ ပြည်သူများက လူမှုစနစ်နှင့် လူ့အဖွဲ့အစည်း၏ ကျင့်ဝတ်သိက္ခာ တန်ဖိုးထားမှုများအပေါ်တွင်ပါ အကောင်းမြင်ရန် ခက်ခဲလာစေသည်။

မျက်မှောက်ကာလ ကမ္ဘာ့နိုင်ငံများစွာတို့တွင် ရှင်းရခက်သော ဟောင်းနွမ်းအိုမင်းနေသည့် ပြဿနာအဖြစ် ရပ်တည်နေသည့် အဂတိလိုက်စားမှုမှာ လူ့ယဉ်ကျေးမှုသမိုင်းတစ်လျှောက်တွင်ပါ ဒွန်တွဲပါရှိလာသည့် ပြဿနာတစ်ရပ်ဖြစ်သည်။ ရောမအင်ပါယာကြီး ပြိုလဲပျောက်ကွယ်သွားရခြင်းတွင် မူလအကြောင်းရင်းဖြစ်ကြောင်း ကမ္ဘာ့သမိုင်းတွင် တွေ့ရှိနိုင်သကဲ့သို့ မိမိတို့နိုင်ငံသမိုင်းတွင်လည်း အဂတိလိုက်စားမှုများအကြောင်းကို တွေ့ရှိနိုင်သည်။ အဂတိလိုက်စားမှုကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အခြေအနေ၊ အချိန်အခါ၊ နေရာဌာနကိုလိုက်၍ ဖွင့်ဆိုချက်များ တစ်သမတ်တည်းမရှိ ကွဲပြားခြားနားမှုများရှိသော်လည်း လူအများစုအနေဖြင့်မူ အဂတိလိုက်စားမှုသည် ကျင့်ဝတ်နှင့်မကိုက်ညီခြင်း၊ လောဘကြီးခြင်း၊ ရိုးဖြောင့်မှုမရှိခြင်း၊ ထင်သာမြင်သာမရှိခြင်း၊ ဖုံးကွယ်ထားခြင်း၊ ဥပဒေနှင့်မညီခြင်း စသည်တို့နှင့် ဆက်စပ်ရှုမြင်ကြသည်။

အဂတိလိုက်စားမှုသည် လူပုဂ္ဂိုလ်အဆင့်အတန်း အမျိုးမျိုး၊ နယ်ပယ်ကဏ္ဍအသီးသီးတို့တွင် ဖြစ်ပေါ်နေကြခြင်းဖြစ်ပြီး သက်ရောက်မှုအနေဖြင့်လည်း လွန်စွာကျယ်ပြန့်သည်။ မိမိတို့တွေးနိုင်၊ မြင်နိုင်သည်ထက်ပင် များစွာပိုမို၍ ကျယ်ကျယ်ပြန့်ပြန့် သက်ရောက်မှုများ ဖြစ်ပေါ်ခြင်းဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်ဖြင့် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် အဂတိလိုက်စားမှုများကို ကိုင်တွယ်ဖြေရှင်းခြင်း၊ အများပြည်သူကဏ္ဍတွင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း၊ ထိရောက်အကျိုးရှိသော ဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း၊ တရားဥပဒေစိုးမိုးရေးကို သေချာခိုင်မာစေခြင်း စသည့်ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တစ်ရပ်ကို မြှင့်တင်သွားရမည်ဖြစ်သည်။

အဂတိလိုက်စားမှုနှင့် အုပ်ချုပ်မှုတို့အကြား အပြန်အလှန်ဆက်စပ်မှုရှိရာ ညံ့ဖျင်းသောအုပ်ချုပ်ရေးသည် အဂတိလိုက်စားမှုဖြစ်ပေါ်စေရန် ကြီးမားသော အခွင့်အလမ်းဖြစ်စေပြီး အဂတိလိုက်စားမှုများက ကောင်းမွန်သော အုပ်ချုပ်ရေးဖြစ်ပေါ်မှုကို အဟန့်အတားဖြစ်စေသည်ဟု ဆိုသည်။ ယခုအခါ မိမိတို့နိုင်ငံတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် အသိပညာပေးမှုများ ပြုလုပ်နေသကဲ့သို့ အဂတိလိုက်စားမှုများနှင့် စပ်လျဉ်း၍ သတင်းပေးတိုင်ကြားမှုများ ပြုလုပ်နိုင်ရန် အခွင့်အလမ်းများ ဖွင့်ပေးထားခြင်း၊ မီဒီယာများမှနေ၍ အခါအားလျော်စွာ အသိပေးခြင်းများ ပြုလုပ်လျက်ရှိသည်။ သို့ဖြစ်ရာ ပြည်သူများအနေဖြင့် အဂတိလိုက်စားမှုများကို အားမပေးရန်၊ သက်ဆိုင်ရာဌာနများမှ ဝန်ဆောင်မှုများ ရယူရာတွင် လာဘ်ပေးလာဘ်ယူမှုများ မပြုလုပ်ရန်၊ ငွေကြေးနှင့် တံစိုးလက်ဆောင် လာဘ်ပေးလာဘ်ယူမှု ပြုရန် နည်းလမ်းစုံဖြင့် ဖန်တီးမှု၊ ဖိအားပေးမှုများ ရှိပါကလည်း ဥပဒေနှင့်အညီ နည်းလမ်းတကျ တိုင်ကြားရန်လိုသည်။

မိမိတို့နိုင်ငံသည် အရေးပေါ်ကာလအခြေအနေတစ်ရပ်ကို ဖြတ်သန်းနေရပြီး နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းရေး၊ အများပြည်သူ နေ့စဉ်ဘဝ လုံခြုံရေး၊ ရပ်ရွာများအတွင်း တရားဥပဒေစိုးမိုးရေးတို့အတွက် နိုင်ငံတော်နှင့် ပြည်သူတို့ အစွမ်းကုန်ပူးပေါင်းဆောင်ရွက်နေရချိန်ဖြစ်သည့်အလျောက် ကောင်းသောအုပ်ချုပ်ရေးကို မထိပါးစေရေး အဂတိလိုက်စားမှုများကို ထိရောက်စွာ တားဆီးတိုက်ဖျက်ကြရပါမည့်အကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ


(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဗြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှု လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။




## ၂၇ - ၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅,၄၅၀,၀၀၀) ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ ဒို့ပြည်ထောင်စု ခိုင်မြဲမည်**

မြန်မာ့အလင်း

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် - စိုးစိုးနိုင် | | သတင်းထောက်မှူး - ခင်ရတနာ | |
| စာတည်းမှူး - မြင့်စိုး | | အကြီးတန်း - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ | |
| စာတည်းများ - ဝင်းကျော်၊ နေဇာဇာထွန်း | | သတင်းထောက်များ - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) | |
| ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင် | | အငယ်တန်း - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး | |
| သုတေသန - အိအိခင်နှင့် အဖွဲ့ | | သတင်းထောက်များ | |
| စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့ | | ဓာတ်ပုံသတင်းထောက် - တင်စိုး | |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | | အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့ | |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)

**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E.Mr.Abhay Thakurနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများ အိန္ဒိယနိုင်ငံယဉ်ကျေးမှုအဖွဲ့က ရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E.Mr.Abhay Thakurနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❑ *ရွှေဖုံးမှ*

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E.Mr.Abhay Thakurနှင့် ဇနီးနှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဇနီး၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးတို့အား ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

### အခမ်းအနားကိုဖွင့်လှစ်

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် အိန္ဒိယသမ္မတနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကိုဖွင့်လှစ်ပြီး အိန္ဒိယ-မြန်မာနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ဗီဒီယိုကလစ်ဖြင့် ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr. Abhay Thakur က နှုတ်ခွန်းဆက် စကားပြောကြားသည်။

### ကြည့်ရှုအားပေး

ဆက်လက်၍ အိန္ဒိယနိုင်ငံယဉ်ကျေးမှုအဖွဲ့က ရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေကြရာ အခမ်းအနားသို့ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E.Mr.Abhay Thakurနှင့် ဇနီးတို့သည် အိန္ဒိယသမ္မတနိုင်ငံ၏ (၇၆) နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ပေးကြသည်။

### ညစာစားပွဲဖြင့် တည်ခင်း

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ သံအမတ်ကြီးနှင့် ဇနီးတို့သည် ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက် လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး သံအမတ်ကြီးနှင့်ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တပ်မတော်အရာရှိများနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာဌာနေ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသော အွန်လိုင်းအသုံးပြုလိမ်လည်မှုနှင့် လောင်းကစားမှုများအား တားဆီးနှိမ်နင်းရေးဆိုင်ရာ အစည်းအဝေး ကျင်းပ

## မြန်မာ - တရုတ် - ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation) ဖြင့် ဆောင်ရွက်ရန်လို

**နေပြည်တော် ဇန်နဝါရီ ၂၇**

နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသော အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် လောင်းကစားမှု (Online Gambling)များအား တားဆီးနှိမ်နင်းရေးဆိုင်ရာ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံး အရေးယူပြည်နှင်လွှဲပြောင်းမှု ကြီးကြပ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲအရာရှိကြီးများ၊ ကရင်ပြည်နယ်ရဲတပ်ဖွဲ့နှင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့တို့မှ ရဲတပ်ဖွဲ့မှူးများ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသော အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် လောင်းကစားမှု (Online Gambling)များအား တားဆီးနှိမ်နင်းရေးဆိုင်ရာ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

### ပူးပေါင်းဆောင်ရွက်

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက Online Scams လုပ်ငန်းများသည် ငွေကြေးလိမ်လည်မှုအပြင် လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ မူးယစ်ဆေးဝါးမှု၊ အဓမ္မလုပ်အားခိုင်းစေမှု၊ ငွေကြေးခဝါချမှုတို့နှင့် ဆက်စပ်လုပ်ဆောင်လာမှု၊ အခက်အခဲများကြုံတွေ့နေရသော နိုင်ငံခြားသားများကို ကူညီရှာဖွေကယ်တင်၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင်လွှဲပြောင်းပေးနေမှု၊ အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်းပြီး နယ်စပ်ဒေသမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားသားများ ဝင်ရောက်လာမှု၊ နိုင်ငံခြားသားများသည် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသူများ ဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် လူသားချင်းစာနာထောက်ထားမှု၊ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့အပေါ် အခြေခံ၍ အရေးယူဆောင်ရွက်ခြင်း မပြုမှု၊ မြန်မာ-တရုတ်နှစ်နိုင်ငံ ပူးပေါင်းပြီး Online Scams နှင့် Online Gambling တိုက်ဖျက်ရေး ဆောင်ရွက်နေမှု၊ မူရင်းနိုင်ငံ၊ ဖြတ်သန်းနိုင်ငံ၊ ဆိုက်ရောက်နိုင်ငံတို့အကြား Shared responsibility ဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှု၊ လိမ်လည်မှုလုပ်ငန်း လုပ်ကိုင်နေသူများအနေဖြင့် အဓိကအခြေခံ အဆောက်အအုံ၊ လျှပ်စစ်ဓာတ်အား၊ အခြေခံစားသုံးကုန်များနှင့် အင်တာနက် ဆက်သွယ်မှုတို့ကို အိမ်နီးချင်းနိုင်ငံမှတစ်ဆင့် ရယူသုံးစွဲနေမှု၊ အခြေခံအဆောက်အအုံနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပြည်ပနိုင်ငံသားများက လုပ်ဆောင်နေမှု၊ မြန်မာ - တရုတ် နှစ်နိုင်ငံ ရဲတပ်ဖွဲ့အကြား ပူးပေါင်းဆောင်ရွက်ရေး ဗဟိုဌာန (Police Cooperation Center) ထူထောင်၍ ပူးပေါင်းဆောင်ရွက်နေမှု၊ မြန်မာ - တရုတ် - ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation) ဖြင့် ဆောင်ရွက်ရန် လိုအပ်မှု၊ အဆိုပါနိုင်ငံများအကြား Task Force တစ်ရပ်ဖွဲ့စည်း၍ Action Plan ရေးဆွဲပြီး ပူးပေါင်းဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်မှုနှင့် ပြည်နှင်လွှဲပြောင်းမှု၊ ဗဟိုကော်မတီအတွင်းရေးမှူး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးက အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scams) နှင့် လောင်းကစားမှု(Online Gambling) များကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နေမှု၊ အဆိုပါမှုခင်းဖြစ်စဉ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ရဲဆက်သွယ်ရေးလမ်းကြောင်း အသီးသီးမှတစ်ဆင့် နိုင်ငံတကာ ရဲတပ်ဖွဲ့များသို့ သတင်းဖလှယ် ဆောင်ရွက်နေမှု၊ အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scams) တိုက်ဖျက်ရေးအတွက် နိုင်ငံတကာ တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှု၊ မြန်မာနိုင်ငံအတွင်း အခက်အခဲများကြုံတွေ့နေသော နိုင်ငံခြားသားများအား ရှာဖွေကူညီကယ်တင် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ယင်းနောက် အစည်းအဝေးတက်ရောက်သူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းတာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုတို့နှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြပြီး ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သတင်းရယူနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) MICC-1 တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါ အခမ်းအနားကျင်းပမည့် နေရာကန့်သတ်ချက်အရ သတင်းမီဒီယာသမားဦးရေအား A Zone၊ B Zone ခွဲခြားသတ်မှတ်ကာ သတင်းရယူစေမည်ဖြစ်ပါသည်။ သို့ပါ၍ အခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသော လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရယူထားသည့် သတင်းမီဒီယာများ အနေဖြင့် သတင်းမီဒီယာတစ်ခုလျှင် (၂) ဦးနှုန်းဖြင့် ခွင့်ပြုပေးမည်ဖြစ်ပါ၍ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ရာထူးတာဝန်၊ သတင်းဌာနအမည်စသည့် သတ်မှတ်လျှောက်လွှာပုံစံပါ အချက်အလက်များကို ဖြည့်စွက်ကာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ(နေပြည်တော်)၊ ၀၆၇-၃၄၁၂၁၄၃၊ iprd.crd.npt @gmail.com၊ (ရန်ကုန်)၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ၃၁-၁-၂၀၂၅ ရက်နေ့ အရောက် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ရှမ်းပြည်နယ်အတွင်းရှိ ပြန်ကြားရေးဝန်ကြီးဌာနအောက်ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ရန် မှာကြား

**တောင်ကြီး ဇန်နဝါရီ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့သည် ယနေ့ ညနေပိုင်းတွင် တောင်ကြီးမြို့ လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံးခန်းမ၌ ရှမ်းပြည်နယ်အတွင်းရှိ ပြန်ကြားရေးဝန်ကြီးဌာနအောက်မှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ရှမ်းပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ အောင်မြင်စေရေးအတွက် မီဒီယာလုပ်ငန်းများဖြင့် ပူးပေါင်းကူညီဆောင်ရွက်ကြရန် မှာကြားသည်။

**တိုင်းရင်းသားပေါင်းစုံနေထိုင်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ်သည် တိုင်းရင်းသားပေါင်းစုံနေထိုင်ပြီး နယ်မြေဒေသကျယ်ဝန်းပါကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့မြင်ရပြီး ယင်းလုပ်ငန်းများ အောင်မြင်စေရေးနှင့် ပြည်သူများ ကျယ်ပြန့်စွာသိရှိစေရေးအတွက် မိမိတို့ဝန်ထမ်းများက မီဒီယာလုပ်ငန်းများဖြင့် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်နှင့် ပြည်သူအပေါ် သစ္စာရှိစွာ တာဝန်ထမ်းဆောင်ရန် လိုအပ်သကဲ့သို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း မိမိတို့ တတ်ကျွမ်းသည့်ပညာရပ်များဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ယနေ့အချိန်တွင် မီဒီယာလုပ်ငန်းများသည် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေသဖြင့် အကျိုးရှိစွာ အသုံးချတတ်ရန်လိုကြောင်း၊ ယခုအခါ မသမာသူများက သတင်းတု၊ သတင်းမှားများကို ထုတ်လွှင့်၍ ပြည်သူများအား အထင်အမြင်လွဲမှားအောင် ပြုလုပ်နေသည့်အတွက် မိမိတို့ဝန်ထမ်းများက သတင်းမှန် ပြန်ကြားရေးနှင့် သတင်းတု၊ သတင်းမှားတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းမှန်များ မှန်ကန်စွာ စီးဆင်းရေးအတွက် ရုပ်မြင်သံကြားနှင့် သတင်းစာ၊ ရေဒီယိုများတွင်သာမက အွန်လိုင်းပလက်ဖောင်းမျိုးစုံမှ ထုတ်လွှင့်ဖော်ပြပေးနေသဖြင့် ပြည်သူများ ကျယ်ပြန့်စွာ သိမြင်စေရန် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။



**သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိ**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မိမိတို့ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ရှမ်းပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၏ လိုအပ်ချက်များကိုလည်း တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ လူထုအခြေပြုဗဟိုဌာန (တောင်ကြီး) တွင် ပြည်သူများ အသိပညာမြင့်မားရေးအတွက် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးနေသကဲ့သို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများအား သတင်းမီဒီယာလုပ်ငန်းများ ကျွမ်းကျင်မှုရှိစေရန် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ တာဝန်ကျရာရုံးများတွင် အခက်အခဲများရှိပါက ပြည်နယ်အစိုးရအား တင်ပြပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့သည် ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ပေးကာ ချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

မွန်းလွဲပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်ရှိ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်သို့ သွားရောက်၍ ပါမောက္ခချုပ်ဆရာတော် ပါမောက္ခဒေါက်တာ ဓမ္မသာမိ(အောက်စဖို့ဒ် ဆရာတော်) အား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။(**အပေါ်ပုံ**)

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်စာကြည့်တိုက်အတွင်း ကြည့်ရှုလေ့လာ၍ စာအုပ်စာစောင်များ ခင်းကျင်းဆောင်ရွက်ထားမှု၊ ရှေးဟောင်းစာပေကျမ်းဂန်များနှင့် ပေ၊ ပုရပိုက်များ ထိန်းသိမ်းဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုလေ့လာ၍ ကူညီဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းများအား မေးမြန်းလျှောက်ထားသည်။

**ပထမဆုံးတည်ထောင်သော ဗုဒ္ဓတက္ကသိုလ်ဖြစ်**

အဆိုပါ ဗုဒ္ဓတက္ကသိုလ်သည် အေဒီ ၅ ရာစုမှ ၁၂ ရာစု အတွင်းဗုဒ္ဓဘာသာပညာရှင် ရဟန်းတော်များ တည်ထောင်ထားသည့် ကမ္ဘာ့ရှေးအကျဆုံး အဆင့်မြင့်ပညာရေးဌာနဖြစ်သည့် နာလန္ဒတက္ကသိုလ်နှင့် မြန်မာနိုင်ငံ၏ ပရိယတ္တိအမွေအနှစ်ကို ထင်ရှားကျယ်ပြန့်စွာ ဖော်ဆောင်သော ဓမ္မာစရိယနှင့် သာမဏေကျော်စာသင်နည်းတို့ကို အားကျအတုယူလျက် ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ် (Shan State Buddhist University) အဖြစ် မြန်မာနိုင်ငံ ရှမ်းပြည်နယ်၌ ပထမဆုံးတည်ထောင်သော ဗုဒ္ဓတက္ကသိုလ်ဖြစ်သည်။

တည်ထောင်သူ အောက်စဖို့ဒ်ဆရာတော် ဒေါက်တာအရှင်ဓမ္မသာမိသည် ၂၀၀၇ ခုနှစ်တွင် ကမ္ဘာ့အရပ်ရပ်ရှိ ဗုဒ္ဓတက္ကသိုလ်များ စုစည်းပေးပြီး စည်းရုံးတည်ထောင်ထားသော အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓတက္ကသိုလ်ကြီးများအသင်း (International Association of Buddhist Universities)နှင့် အပြည်အပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်အသင်းကြီး( The International Association of Theravada Buddhist Universities) အသင်းနှစ်ခု၏ အတွင်းရေးမှူးချုပ်အနေဖြင့် နိုင်ငံတကာရှိ ဗုဒ္ဓတက္ကသိုလ်များနည်းတူ မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့အဆင့်မီ ဗုဒ္ဓတက္ကသိုလ်ကြီးတစ်ခုတည်ထောင်ရန် ပြင်းပြသောဆန္ဒဖြင့် တည်ထောင်ထားကြောင်း သိရသည်။ **သတင်းစဉ်**

## " Green Spotted Triangle" လိပ်ပြာပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် ရောင်းချမည်

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌ တွေ့ရှိရသော လိပ်ပြာမျိုးစိတ်အဖြစ် မှတ်တမ်းတင်သဘောထားမှတ်ချက်ပြုထားသည့် “Green Spotted Triangle” လိပ်ပြာပုံ** (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် (၁) မျိုးအား **၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် တပို့တွဲလဆန်း ၄ ရက် (စနေနေ့) နံနက် ၉ နာရီခွဲမှ**စတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး / ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။




အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် (စနေနေ့)** တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများ ပေါ်တွင် နေ့စွဲအမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ ၂၇-၁-၂၀၂၅

| | | | | | |
|---|---|---|---|---|---|
| ဟားခါးမြို့ | ၀ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် | ပင်လောင်းမြို့ | ၇ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန်မြို့ | ၃ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် | ပြင်ဦးလွင်မြို့ | ၇ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင်မြို့ | ၄ ဒသမ ၁ | ဒီဂရီဆဲလ်စီးယပ် | မိုင်းယန်းမြို့ | ၇ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုးမြို့ | ၅ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် | မြစ်ကြီးနားမြို့ | ၈ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန်မြို့ | ၅ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် | မင်းကင်းမြို့ | ၈ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုကြီးကို စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တည်ဆောက်ကြပါစို့

ကိုရေချမ်း

ယနေ့ကာလသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရေးအတွက် အရေးကြီးသည့် အခြေခံအုတ်မြစ်ကို စိုက်ထူနိုင်သည့်ကာလဖြစ်သည်။ အဆိုပါ အခြေခံအုတ်မြစ်ကို အလွယ်တကူ စိုက်ထူနိုင်ခဲ့ခြင်း မဟုတ်ပေ။ နယ်ချဲ့ဗြိတိသျှအစိုးရ၏ ပရိယာယ်အမျိုးမျိုး၊ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင် အချို့နှင့် နိုင်ငံရေးခေါင်းဆောင်အချို့၏ နှောင့်ယှက်မှုများကြားမှ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အမျိုးသားခေါင်းဆောင်ကြီးများ၏ မနေမနား ကြိုးပမ်းအားထုတ်မှုများနှင့်အတူ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူများနှင့် လူထုလူတန်းစားအားလုံးတို့၏ တစ်သွေးတည်းတစ်သားတည်း စုစည်းညီညွတ်မှုဖြင့် အခိုင်အမာစိုက်ထူနိုင်ခဲ့ခြင်းဖြစ်သည်။

**သမိုင်းဝင်ပင်လုံစာချုပ်**

မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် သမိုင်းတွင်ရစ်မည့် အောင်ဆန်း-အက်တလီစာချုပ်ဟု အမည်တွင်သောစာချုပ်တွင် သဘောတူညီချက် ၁၂ ချက်ကို ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ဗြိတိသျှအစိုးရနှင့် မြန်မာခေါင်းဆောင်များ လက်မှတ်ရေးထိုးပြီး မြန်မာနိုင်ငံကို တစ်နှစ်အတွင်း လွတ်လပ်ရေးပေးရန် ဗြိတိသျှအစိုးရက သဘောတူညီခဲ့သည်။ သို့သော် အောင်ဆန်း-အက်တလီစာချုပ်ပါ ကောက်နုတ်ချက်များကို လေ့လာကြည့်လျှင် တောင်တန်းဒေသများကိုမူ တောင်တန်းဒေသခေါင်းဆောင်များကိုယ်တိုင်က ပြည်မနှင့်အတူ လွတ်လပ်ရေးယူလိုပါသည်ဟု အခိုင်အမာစာချုပ်တွင် လက်မှတ်ရေးထိုးမှသာလျှင် ဗြိတိသျှအစိုးရအနေဖြင့် ပြည်နယ်နှင့်ပြည်မ ပေါင်းစည်းပါဝင်သော ပုံသဏ္ဌာန်ဖြင့် လွတ်လပ်ရေးပေးမည်ဟု ဆိုလိုထားသည်။ နယ်ချဲ့တို့၏ပရိယာယ်နှင့် အတွင်းအကြံကို သိမြင်နိုင်သည်။

နယ်ချဲ့တို့ကို တော်လှန်စဉ်အချိန်က စည်းလုံးညီညွတ်ခဲ့ကြသော်လည်း လွတ်လပ်ရေးကို ရယူမည့်အချိန်တွင် ခေါင်းဆောင်များ၏ ခံယူချက်အမျိုးမျိုးကြောင့် စည်းလုံးညီညွတ်မှု ပျက်ပြားခဲ့သည်။ အောင်ဆန်း-အက်တလီစာချုပ် မချုပ်ဆိုမီနှင့် ချုပ်ဆိုအပြီးတွင် နိုင်ငံရေးခေါင်းဆောင်များက အပြင်းအထန်ကန့်ကွက်ကြပြီး ပဒေသရာဇ်စော်ဘွားများက ၎င်းတို့နယ်တွင် ခွဲထွက်ရန် စည်းရုံးလှုပ်ရှားကြသည်။ ထိုသို့အခက်အခဲအနှောင့်အယှက်အမျိုးမျိုးကြားမှ ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းဒေသမှ တိုင်းရင်းသားကိုယ်စားလှယ် ၂၂ ဦးတို့သည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် မြန်မာနိုင်ငံနှင့် တောင်တန်းဒေသများ ပူးပေါင်းရေးအချက် ၉ ချက်ပါဝင်သည့် သမိုင်းဝင် ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးခဲ့သည်။

**သောင်းကျန်းမှုများ**

မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းတွင် နိုင်ငံရေးအရ ခက်ခဲကြမ်းတမ်းဆုံးအချိန်မှာ အောင်ဆန်း-အက်တလီစာချုပ်နှင့် ပင်လုံစာချုပ်ချုပ်ဆိုမည့် ကာလများအတွင်း ဖြစ်သည်ဟု ဆိုရမည်။ ထိုကာလတွင် နိုင်ငံရေးခေါင်းဆောင်များ၏ အပြင်းအထန်ကန့်ကွက်မှုများ၊ ပဒေသရာဇ်စော်ဘွားများ၏ နယ်ချဲ့လက်အောက်နေလိုမှုများ၊ နယ်ချဲ့ကိုယ်စားလှယ်တို့၏ ပရိယာယ်အမျိုးမျိုးပြုလုပ်မှုများမှာ သပွတ်အူလို ရှုပ်ထွေးပွေလီနေသည်။ ဇာစ်မြစ်မှာ ဗြိတိသျှနယ်ချဲ့အစိုးရ၏ သွေးခွဲအုပ်ချုပ်ရေးစနစ်ကြောင့် တစ်ပြည်ထောင်ဖွား တိုင်းရင်းသား ညီအစ်ကိုများအချင်းချင်း စိတ်ဝမ်းကွဲကြသည်။ ရန်လိုမုန်းထား၊ အာဃာတများဖြစ်လာကြသည်။ သို့သော် ပြည်ထောင်စုသားအားလုံးတွင် မဖြစ်ပေါ်ဘဲ တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့တို့တွင် ဖြစ်ခဲ့သည်။

မြန်မာနိုင်ငံကို ချစ်မြတ်နိုးကြသည့်၊ မြန်မာလူမျိုးကို တန်ဖိုးထားကြသည့် မြန်မာလူမျိုးများအားလုံး၏ တစ်သံတည်းသော တောင်းဆိုချက်မှာ မြန်မာတစ်ပြည်လုံး လုံးဝလွတ်လပ်ရေးပင်ဖြစ်သည်။ ဂျပန်ခေတ်က လွတ်လပ်ရေးအတုကို ရရှိခဲ့ရာ လွတ်လပ်ရေးအတွက် မြန်မာလူမျိုးအားလုံးတို့သည် စစ်ဘေးစစ်ဒဏ်ကိုပင် ဂရုမစိုက်တော့ဘဲ ဖက်ဆစ်တို့ကို တွန်းလှန်ခဲ့ကြသည်။ အင်္ဂလိပ်တို့ ပြန်ဝင်လာသောအခါ မြန်မာများက လွတ်လပ်ရေးကို မျှော်လင့်ခဲ့ရာ လွတ်လပ်ရေးမပေးဘဲ ဖိနှိပ်အုပ်ချုပ်မှုများသာ ပေးခဲ့သည်။ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးအတွက် ကြိုးပမ်းရုန်းကန်နေချိန်တွင် နိုင်ငံရေး၊ ဝါဒရေး၊ ဂိုဏ်းဂဏရေး၊ လူမျိုးရေးအရ သဘောထားကွဲလွဲမှုများဖြစ်ပေါ်ပြီး ဆူပူသောင်းကျန်းမှုများဖြစ်ခဲ့သည်။ လွတ်လပ်ရေးရပြီးနောက်တွင်လည်း သဘောထားများ ဆက်လက်ကွဲပြားကြပြီး လက်နက်ကိုင်သောင်းကျန်းမှုများ ပေါ်ပေါက်လာခဲ့သည်။

**ကာကွယ်တားဆီး**

ပြည်တွင်း လက်နက်ကိုင်သောင်းကျန်းမှုမှာ ယခုအခါ နှစ်ပေါင်း ၇၀ ကျော်၊ ၈၀ နီးပါး ရှိလာပြီဖြစ်သည်။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေသည်မှာ ငြင်းမရသည့်အချက်ဖြစ်သည်။ နိုင်ငံလွတ်လပ်ရေးအတွက် စည်းလုံးညီညွတ်မှုမှာ အဓိကကျသည့်အချက်ဖြစ်သည်။ စည်းလုံးညီညွတ်မှုကို သံမဏိကဲ့သို့၊ ကျောက်ဆိုင်ကျောက်သားကဲ့သို့ အခိုင်အမာတည်ဆောက်ထားရမည်။ စည်းလုံးညီညွတ်သောတိုင်းပြည်သည် အေးချမ်းသာယာဝပြောပြီး ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့ရမည်။ စည်းလုံးညီညွတ်မှု ပျက်ပြားသောတိုင်းပြည်တွင် ပဋိပက္ခများ၊ မတည်ငြိမ်မှုများ၊ မဖွံ့ဖြိုးမှုများနှင့် ကြုံတွေ့နေသည်ကို တွေ့မြင်နိုင်သည်။ မြန်မာနိုင်ငံကို ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံ၊ ပဋိပက္ခအဖြစ်ပွားဆုံးနိုင်ငံဟု သတ်မှတ်ကြသည်မှာ ဂုဏ်ယူစရာမဟုတ်၊ ရှက်စရာဖြစ်သည်။

> **“ အမိမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့တည်တံ့ခိုင်မြဲနေစေရန်အတွက် ပြည်ထောင်စုဖွားတိုင်းရင်းသား ပြည်သူအားလုံး စည်းလုံးညီညွတ်ကြရန် အရေးကြီးပါသည်။ မျိုးဆက်များအား မိမိတို့၏နိုင်ငံတော်ကြီးကို အသက်ပေးကာကွယ်စောင့်ရှောက်ပေးခဲ့ကြသည့် ဘိုးဘေးဘီဘင်များအား တန်ဖိုးထားလေးစားစိတ်၊ စုပေါင်းလုပ်ဆောင်တတ်သည့်စိတ်နှင့် မိမိကိုယ်ကိုအားကိုးတတ်သည့် စိတ်များရှိလာအောင် ပျိုးထောင်ပေးရန်လိုအပ်သည်။ ခေတ်အဆက်ဆက် အသက်၊ သွေး၊ ချွေးများ ရင်းနှီးပေးဆပ်ခဲ့သော မြန်မာ့တပ်မတော်နှင့် မျိုးချစ်ပြည်သူများက ဦးဆောင်ဆင်နွှဲနေသော တရားသောစစ်အောင်မြင်ရေးအတွက် ပြည်သူလူထုတစ်ရပ်လုံးက ယုံကြည်စွာဖြင့် ဝန်းရံကူညီပေးကြရန် လိုအပ် ”**

ပြီးခဲ့သည့်နှစ်များတွင် နိုင်ငံနှင့် နိုင်ငံသားများ ကောင်းကျိုးကို မလိုလားသည့် လက်နက်ကိုင်သောင်းကျန်းသူများက မြို့ရွာများ လုံခြုံရေးနှင့် စီးပွားရေးဆိုင်ရာ နယ်ပယ်အသီးသီးကို အဓိကပစ်မှတ်ထားပြီး နှောင့်ယှက်ဖျက်ဆီးခဲ့ကြသည်။ မိမိတို့နေထိုင်ရာ မိမိတို့ဒေသနှင့် မိမိလူမျိုးကို ထိခိုက်ပျက်စီးစေသည့် အသိဉာဏ်ဆင်ခြင်တုံတရားမဲ့သော လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသည်။ လူမျိုးရေး၊ တန်းတူညီမျှရေး၊ ဒီမိုကရေစီရေးဟူသည့် ကောင်းမွန်မြင့်မြတ်သည့် အကြောင်းတရားများကို အကြမ်းဖက်လုပ်ရပ်များဖြင့် တလွဲအသုံးချပြီး မိမိလူမျိုး၊ မိမိဒေသကို အောက်ကျနောက်ကျဖြစ်ပြီး ပျက်စီးအောင် ဖျက်ဆီးနေခြင်းဖြစ်သည်။ အဆိုပါအကြမ်းဖက်လုပ်ရပ်များကို စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးကြရန်၊ ရပ်တန့်အောင်ပြုလုပ်ကြရန်လိုသည်။

**အလေးအနက်ဂုဏ်ပြု**

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်သောအားမာန်များဖြင့် အမျိုးသားလှုပ်ရှားမှုများကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့သည်။ တိုင်းပြည်ကိုလည်း အတိုင်းအတာတစ်ခုအထိ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ထိုသို့အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးအတွက်၊ နိုင်ငံတော်ကာကွယ်ရေး၊ ပြည်ထောင်စုမပြိုကွဲစေရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီစနစ်ခိုင်မြဲစေရေးအတွက် စွန့်လွှတ်စွန့်စား ကြိုးပမ်းဆောင်ရွက်နေသူများ ရှိနေသောကြောင့်ဖြစ်သည်။ နိုင်ငံတော်အတွက် အသက်ခန္ဓာ စွန့်လွှတ်ခဲ့ကြသည့် သူရဲကောင်းတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံသူ၊ နိုင်ငံသားများကို အလေးအနက်ဂုဏ်ပြုကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်မှု၊ နိုင်ငံချစ်စိတ်နှင့် အသိဉာဏ်ဆင်ခြင်တုံတရား မြင့်မားမှုအပေါ်တွင် အဓိကမူတည်သည်ဟုဆိုချင်သည်။ မြန်မာနိုင်ငံတွင် ယနေ့ဖြစ်ပေါ်နေသောအခြေအနေမှာ ပညာတတ်သော်လည်း အသိဉာဏ်ဆင်ခြင်တုံတရား ခေါင်းပါးခြင်း၊ အသိဉာဏ်ဆင်ခြင်တုံတရားရှိသော်လည်း ပညာမတတ်ခြင်း၊ ပညာလည်းမတတ်၊ အသိဉာဏ်ဆင်ခြင်တုံတရားလည်း နည်းပါးခြင်းကြောင့် မနှစ်မြို့ဖွယ်ရာအခြေအနေများ၊ စိတ်မချမ်းမြေ့ဖွယ်အခြေအနေများဖြစ်ကြသည်ကို တွေ့မြင်နိုင်သည်။ နိုင်ငံချစ်စိတ်နှင့် အသိဉာဏ်ဆင်ခြင်တုံတရား မြင့်မားလာသည်နှင့်အမျှ စည်းလုံးညီညွတ်မှုခိုင်မာပြီး ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ်ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ ယင်းတို့အတွက် ပညာရေးသည် အခြေခံအုတ်မြစ်ဖြစ်သည်။

**အသိဉာဏ်မြင့်မား**

ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် ဘက်စုံပညာရေးကို အကောင်အထည်ဖော်လျက်ရှိပြီး ဗလငါးတန်နှင့်ပြည့်စုံသော မျိုးဆက်သစ်များကို ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုအရှိန်အဟုန်ကို သတင်းတု၊ သတင်းယောင်များ၊ အမုန်းစကားများ၊ ကျင့်ဝတ်သိက္ခာမဲ့သော သတင်းအချက်အလက်များဖြင့် ဟန့်တားနှောင့်ယှက်လျက်ရှိသည်။ ယင်းတို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်စီးစေနိုင်သည်။ မျှော်မှန်းထားသည့် ငြိမ်းချမ်းရေးပန်းတိုင်ကိုလည်း အနှောင့်အယှက်ဖြစ်စေနိုင်သည်။ အနာဂတ် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်ထောင်စုကြီးကို အဘက်ဘက်၌ ဖွံ့ဖြိုးတိုးတက်စေရေး၊ ထာဝရငြိမ်းချမ်းရေးရရှိရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရေးတို့တွင် အသိဉာဏ်မြင့်မားသည့် ပညာအရင်းအမြစ်များ လိုအပ်သည်။

ပညာရေးသည် နိုင်ငံတစ်နိုင်ငံအတွက် အရေးကြီးသည့် မဏ္ဍိုင်တစ်ခုဖြစ်သည်။ နမူနာအားဖြင့် ဂျပန်နိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှုတွင် **“ကျန်းမာရေး အမျိုးသားရေးဝါဒ (Healthy Nationalism)”၊ “နိုင်ငံကို ချစ်မြတ်နိုးမှု (Love for one’s country)နှင့် ဘိုးဘေးဘီဘင်များကို လေးစားမှု (Respect for one’s ancestors)”** စသည့် သင်ရိုးညွှန်းတမ်းများပါဝင်သည်ကို လေ့လာတွေ့ရသည်။ ရပ်ရွာနှင့် မိသားစုပါဝင်ပတ်သက်မှုကို အလေးပေးသည့်

*စာမျက်နှာ ၇ သို့*

# ကယားပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

**လွိုင်ကော်  ဇန်နဝါရီ ၂၇**

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အလေးထားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းက ဌာနဆိုင်ရာ ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများ၊ အားကစားကွင်း၊ အားကစားရုံများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ ဒေါဥခူရပ်ကွက် ပြည်နယ်ထွေအုပ်ဝန်ထမ်းအိမ်ရာများ ပြုပြင်ပြီးစီးမှုနှင့် လေးခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်း အချောသပ်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးရေးနှင့် ဝန်ထမ်းများအား စနစ်တကျ နေရာချထားရေးတို့ကို မှာကြားခဲ့သည်။

ထို့နောက် မြန်မာ့အာမခံလုပ်ငန်း၊ ပင်စင်ဦးစီးဌာန၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အဆောက်



အအုံများနှင့် အုတ်တံတိုင်းခြံစည်းရိုးများ ပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဌာနများအနေဖြင့် သက်ဆိုင်ရာရုံးနေရာများ၌ ပြန်လည်ဖွင့်လှစ်၍ ပုံမှန်ရုံးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားကွင်းသို့ရောက်ရှိကာ နွေရာသီကျောင်းပိတ်ရက်ကာလများတွင် အားကစားသင်တန်းများ အချိန်မီဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများနှင့် လူငယ်မောင်မယ်များ နေ့စဉ်အားကစားလေ့ကျင့်မှုများ ပြုလုပ်နိုင်ရေး ကြက်တောင်၊ ကရာတေး၊ တိုက်ကွမ်ဒို၊ ဖူဆယ်နှင့် GYM အားကစားလေ့ကျင့်ရုံများ ပြန်လည် ပြင်ဆင်ဆောင်ရွက်နေမှုများ၊ ထပ်မံပြင်ဆင်ဆောင်ရွက်သွားမည့် မီတာ ၄၀၀ Synthetic ပြေးလမ်းနှင့် ပြည်နယ်ရေကူးကန်တို့၏ အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ရန်နှင့် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (လွိုင်ကော်ဌာနခွဲ) ယဉ်ကျေးမှုပြတိုက်သို့ရောက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူများက ဖျက်ဆီးခြင်း၊ ယူဆောင်သွားခြင်းတို့ကြောင့် ပျောက်ဆုံးပျက်စီးခဲ့သည့် ပြတိုက်အဆောက်အအုံနှင့် ပြတိုက်ရှိ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ ပြန်လည်ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ပြတိုက်တာဝန်ခံက လုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

---

**“ ယနေ့ကာလ ကမ္ဘာ့ရေးရာအခြေအနေများမှာ လွန်စွာနက်နဲရှုပ်ထွေးလာနေသလို မြန်မာနိုင်ငံကိုလည်း ရိုက်ခတ်လျက်ရှိသဖြင့် နိုင်ငံသူ၊ နိုင်ငံသားများအားလုံး၏ စည်းလုံးညီညွတ်မှုဖြင့်သာ ကာကွယ်နိုင်မည်ဖြစ်သည်။ “နွားကွဲလျှင်ကျားဆွဲမည်”ဟူသော စကားပုံအတိုင်း စည်းလုံးညီညွတ်မှုပျက်ပြားသည်နှင့် ရန်စွယ်အမျိုးမျိုးရောက်ရှိပြီး အန္တရာယ်ကျရောက်နိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်ကြသော မြန်မာနိုင်ငံအတွင်း အချင်းချင်းညီညွတ်မှုမရှိဘဲ လက်နက်ကိုင်အကြမ်းဖက် တိုက်ခိုက်မှုများ၊ ရပ်ရွာပြည်သူလူထုကို အကြောက်တရားကိန်းအောင်းစေရန် အနိုင်ကျင့်ဗိုလ်ကျမှုများ၊ တရားဥပဒေစိုးမိုးမှုနှင့် အစိုးရ၏အုပ်ချုပ်ရေးယန္တရားပျက်စီးအောင် အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်မှုများသည် နိုင်ငံတော်ကို အင်အားချည့်နဲ့စေကာ နိုင်ငံလွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ထိပါးစေနိုင်သည်ကို သတိပြုရမည် ”**

*စာမျက်နှာ ၆ မှ*

လူထုဝန်ဆောင်မှု၊ မိမိကိုယ်ကို ဆုံးမပဲ့ပြင်မှု၊ ကိုယ်ကျင့်တရားနှင့် ရပ်ရွာနိုင်ငံအပေါ် ချစ်ခင်တွယ်တာမှု စသည့်ဘာသာရပ်များ လေ့ကျင့်သင်ကြားပေးသည်ကို တွေ့ရသည်။ ထူးခြားချက်မှာ နိုင်ငံကို ချစ်မြတ်နိုးစိတ်၊ ဘိုးဘေးဘီဘင်များကို လေးစားစိတ်၊ စုပေါင်း လုပ်ဆောင်တတ်သည့်စိတ်နှင့် မိမိကိုယ်ကို အားကိုးတတ်သည့် စိတ်များရှိလာအောင် ကျောင်းများတွင်သာမက ရပ်ရွာမိသားစုတွင်ကိုပါ လေ့ကျင့်ပေးသည်။

**နိုင်ငံချစ်စိတ်တိုးပွား**

မြန်မာနိုင်ငံတွင်လည်း ပိုမိုကောင်းမွန်သော အနာဂတ်ကို တည်ဆောက်နိုင်ရန်အတွက် အဆိုပါအချက်များလည်း ပါဝင်သည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိသည်။ ဗလငါးတန်နှင့်ပြည့်စုံသော မျိုးဆက်များကို ပျိုးထောင်လျက်ရှိသည်။ ဘိုးဘေးဘီဘင်များကို တန်ဖိုးထားလေးစားခြင်းသည် နိုင်ငံကို ချစ်မြတ်နိုးခြင်းဖြစ်သည်။ ကျွန်ုပ်တို့ ဘိုးဘေးဘီဘင်များသည် စည်းလုံးညီညွတ်သော ပြည်ထောင်စုကြီးကို တည်ဆောက်ခဲ့ကြသည်။ အင်အားတောင့်တင်းခိုင်မာသော နိုင်ငံတော်ကြီးကို ဖန်တီးခဲ့ကြသည်။ နိုင်ငံလွတ်လပ်ရေးအတွက် အသက်၊ ခန္ဓာများပေးဆပ်ခဲ့ကြသည်။ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊ ပြည်ထောင်စုကြီး မပြိုကွဲမပျက်စီးစေရန်၊ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်လာစေရန် အသက်၊ သွေး၊ ချွေး၊ ဖွဲ့၊ လုံ့လ၊ အားမာန်များဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် သူရဲကောင်းများ အမြောက်အမြား ပေါ်ထွန်းခဲ့ပြီးဖြစ်သည်။ ၎င်းပုဂ္ဂိုလ်များကို ဂုဏ်ယူလေးစားတန်ဖိုးထားလျှင် နိုင်ငံချစ်စိတ်များ တိုးပွားလာမည်ဖြစ်သည်။

မိမိကိုယ်ကို ဆုံးမပဲ့ပြင်မှု၊ ကိုယ်ကျင့်တရားကောင်းမွန်မှု၊ မိမိလူမျိုး၊ မိမိရပ်ရွာ နိုင်ငံအပေါ်တွင် ချစ်ခင်တွယ်တာမှု စသည့်စိတ်ဓာတ်များ တိုးပွားလာအောင် လုပ်ဆောင်ကြရမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် အတိတ်သမိုင်းက ကိုလိုနီနယ်ချဲ့စနစ်၏ သွေးခွဲအုပ်ချုပ်မှု စနစ်ဆိုးများကြောင့် တိုင်းရင်းသားလူမျိုးအချင်းချင်း စိတ်ဝမ်းကွဲပြားသည့် အမွေဆိုးကိုရရှိခဲ့ကြသည်။ ကိုလိုနီနယ်ချဲ့လက်သစ်တို့၏ အိမ်ကြက်ချင်း အိုးမဲသုတ်ပေးမှု၊ သွေးခွဲမြှောက်ပင့် ထောက်ပံ့ပေးမှုများကြောင့် ပြည်သူအချင်းချင်း စိတ်ဝမ်းကွဲပြားခဲ့ရသည်။ လက်ရှိတွင် လက်နက်ကိုင်သောင်းကျန်းသူခေါင်းဆောင်များက ဖက်ဒရယ်အခွင့်အရေး၊ တိုင်းရင်းသားအခွင့်အရေးအမျိုးမျိုးပြပြီး လက်တွေ့တွင် ကိုယ်ကျိုးအတ္တကို အခြေခံသည့် လိုအင်ဆန္ဒသက်သက်နှင့် ပြည်ထောင်စုပြိုကွဲအောင် လက်နက်ကိုင်ပဋိပက္ခများ ဖန်တီးနေသည်ကို တွေ့မြင်နိုင်သည်။ မြန်မာအချင်းချင်းသွေးကွဲပြီး အသုံးချခံ၊ စတေးခံဖြစ်နေသည်ကို တွေ့မြင်နိုင်သည်။

**ကာကွယ်စောင့်ရှောက်**

မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးအပေါင်းတို့သည် အရေးကြီးသည့်အခါ သွေးနီးပြီး အရေးကြုံသည့်အခါ သွေးဆုံခဲ့ကြသည်။ ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ တစ်သွေးတစ်သားတည်း တစ်အူထုံ့ဆင်း ဆွေမျိုးရင်းချာစိတ်ဓာတ်ဖြစ်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လွတ်လပ်ရေးကိုအရယူနိုင်ခဲ့ကြသည်။ ပြည်ထောင်စုစိတ်ဓာတ်သည် အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် အရင်းခံဖြစ်သကဲ့သို့ အနာဂတ် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ထိန်းသိမ်းစောင့်ရှောက်ရေးတွင်လည်း အခြေခံအုတ်မြစ်ဖြစ်သည်။ ယနေ့မျိုးဆက်များသည် အတိတ်သမိုင်းကြောင်း၏ မြန်မာတို့၏ထွန်းပြောင်မှုကို သိရှိမှ၊ တန်ဖိုးထားမှ နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်တိုးပွားပြီး အနာဂတ်နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်မည်၊ တည်ဆောက်နိုင်သူများ ဖြစ်လာကြမည်ဖြစ်သည်။

ယနေ့ကာလ ကမ္ဘာ့ရေးရာအခြေအနေများမှာ လွန်စွာနက်နဲရှုပ်ထွေးလာနေသလို မြန်မာနိုင်ငံကိုလည်း ရိုက်ခတ်လျက်ရှိသဖြင့် နိုင်ငံသူ၊ နိုင်ငံသားများအားလုံး၏ စည်းလုံးညီညွတ်မှုဖြင့်သာ ကာကွယ်နိုင်မည်ဖြစ်သည်။ **“နွားကွဲလျှင် ကျားဆွဲမည်”**ဟူသော စကားပုံအတိုင်း စည်းလုံးညီညွတ်မှုပျက်ပြားသည်နှင့် ရန်စွယ်အမျိုးမျိုးရောက်ရှိပြီး အန္တရာယ်ကျရောက်နိုင်သည်ကို သတိပြုရမည် ဖြစ်သည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်ကြသော မြန်မာနိုင်ငံအတွင်း အချင်းချင်းညီညွတ်မှုမရှိဘဲ လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုများ၊ ရပ်ရွာပြည်သူလူထုကို အကြောက်တရားကိန်းအောင်းစေရန် အနိုင်ကျင့် ဗိုလ်ကျမှုများ၊ တရားဥပဒေစိုးမိုးမှုနှင့် အစိုးရ၏ အုပ်ချုပ်ရေးယန္တရားပျက်စီးအောင် အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်မှုများသည် နိုင်ငံတော်ကို အင်အားချည့်နဲ့စေကာ နိုင်ငံလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ထိပါးစေနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

**ယုံကြည်စွာဝန်းရံ**

**အမိမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲနေစေရန်အတွက် ပြည်ထောင်စုဖွားတိုင်းရင်းသား ပြည်သူအားလုံး စည်းလုံးညီညွတ်ကြရန် အရေးကြီးပါသည်။ မျိုးဆက်များအား မိမိတို့၏ နိုင်ငံတော်ကြီးကို အသက်ပေးကာကွယ်စောင့်ရှောက်ပေးခဲ့ကြသည့် ဘိုးဘေးဘီဘင်များအား တန်ဖိုးထားလေးစားစိတ်၊ စုပေါင်းလုပ်ဆောင်တတ်သည့်စိတ်နှင့် မိမိကိုယ်ကို အားကိုးတတ်သည့် စိတ်များရှိလာအောင် ပျိုးထောင်ပေးရန် လိုအပ်သည်။ ခေတ်အဆက်ဆက် အသက်၊ သွေး၊ ချွေးများ ရင်းနှီးပေးဆပ်ခဲ့သော မြန်မာ့တပ်မတော်နှင့် မျိုးချစ်ပြည်သူများက ဦးဆောင်ဆင်နွှဲနေသော တရားသောစစ် အောင်မြင်ရေးအတွက် ပြည်သူလူထုတစ်ရပ်လုံးက ယုံကြည်စွာဖြင့် ဝန်းရံကူညီပေးကြရန် လိုအပ်ပါသည်။**

မိမိတို့၏ ဘိုးဘေးဘီဘင်များ စွန့်လွှတ်စွန့်စားရယူပေးခဲ့ကြသည့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေးသည် ပြည်ထောင်စုဖွားအားလုံးတို့၏ မွေးရာပါတာဝန်ဖြစ်သောကြောင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြရန် အလေးအနက်တိုက်တွန်းအပ်ပါကြောင်း။ ။

## အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကျေနုဝိသတိမ အစည်းအဝေးနှင့် အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၇

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကျေနုဝိသတိမ အစည်းအဝေးကို ၁၃၈၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၁၊ ၁၂၊ ၁၃၊ ၁၄ ရက်၊ ဖေဖော်ဝါရီ ၂၃၊ ၂၄၊ ၂၅၊ ၂၆ ရက် တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့များတွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၈၆ ခုနှစ် တပေါင်းလဆန်း ၁၊ ၂ ရက်၊ ဖေဖော်ဝါရီ ၂၇၊ ၂၈ ရက် ကြာသပတေး၊ သောကြာနေ့များတွင် ကျေနုဝိသတိမ အစည်းအဝေးကြီး ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် ၁၃၈၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ ဖေဖော်ဝါရီ ၂၂ ရက် စနေနေ့တွင် လည်းကောင်း၊ အဋ္ဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးကို ၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၄၊ ၅၊ ၆ ရက်၊ မတ် ၂၊ ၃၊ ၄ ရက် တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါနေ့များတွင် အစည်းအဝေးများ ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သြဝါဒါစရိယဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများသည် ၁၃၈၆ ခုနှစ် တပေါင်းလဆန်း ၃ ရက်၊ မတ် ၁ ရက် စနေနေ့တွင် လည်းကောင်း ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်သည်။

ပင့်လျှောက်စာများ အချိန်မီမရောက်ရှိပါကလည်း အဆိုပါနေ့ရက်များအတိုင်း ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူကြပါရန် ပင့်လျှောက်အပ်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

## တွံတေးမြို့နယ် ခတ္တိယရွာသစ်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် စီးပွားရေးလုပ်ငန်းများအောင်မြင်

တွံတေး ဇန်နဝါရီ ၂၇

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ခတ္တိယရွာသစ်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် ဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေကို ယနေ့နံနက်ပိုင်းက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်ဌေးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံ မှန်ကန်မှု ရှိ/မရှိ စစ်ဆေးပေးခဲ့သည်။

အဆိုပါကျေးရွာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခြေခံမော်တာ အပ်ချုပ်စက်သင်တန်းမှ သင်ကြားပေးသည့် အတတ်ပညာဖြင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သည့် သင်တန်းသူအား မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးပေးခဲ့ပြီး **(အောက်ပုံ)** ခတ္တိယရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄ – ၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ကျေးရွာရှိ အသင်းသူအသင်းသား ၁၅၀ ကို ရန်ပုံငွေကျပ်သိန်း ၄၅၀ အထိ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားနိုင်ခဲ့ပြီဖြစ်သည်။

မောင်ခိုင်



## နိုင်ငံတော်သြဝါဒါစရိယ သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ Special Dhamma Talk များ သင်ကြားပို့ချ

ရန်ကုန် ဇန်နဝါရီ ၂၇



သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ဒီပလိုမာတန်းမှ ပါရဂူတန်းအထိ တက်ရောက်လျက်ရှိသော သင်တန်းသား သင်တန်းသူများအား သင်ကြားပို့ချပေးစဉ်။

နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယာဓိပတိ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် တည်ထောင်သူနှင့် သြဝါဒါစရိယအဖွဲ့ဝင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သီတဂူဆရာတော်ဒေါက်တာဘဒ္ဒန္တဉာဏိဿရသည် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဒီပလိုမာတန်းမှ ပါရဂူတန်းအထိ တက်ရောက်လျက်ရှိသော ပြည်တွင်းပြည်ပမှ သင်တန်းသား သင်တန်းသူများအား ယနေ့မွန်းလွဲပိုင်းတွင် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် Seminar Hall တွင် Special Dhamma Talk ပို့ချသည်။

အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ၊ ဒုတိယပါမောက္ခချုပ်(သင်ကြား) ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနေဓိဉာဏ အမှူးပြုသော တက္ကသိုလ်သင်ကြား ဆရာတော်ကြီးများ၊ သင်ကြားသီလရှင်များ၊ ပြည်တွင်းပြည်ပနိုင်ငံ ၂၁ နိုင်ငံမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၂၈ ပါး၊ ဦးတို့ တက်ရောက်ကြည်ညိုနာယူခဲ့ကြကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## ကျန်းမာကြံ့ခိုင်သော ကျောင်းသားလူငယ်များ ဖြစ်စေရေးအတွက် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းလုပ်ငန်း မိတ်ဆက်

နေပြည်တော် ဇန်နဝါရီ ၂၇



(၂၀၂၄-၂၀၂၅) ပညာသင်နှစ် ကျောင်းတွင်းအာဟာရ ကျွေးမွေးခြင်းလုပ်ငန်း မိတ်ဆက်အသိပေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနရုံးအမှတ် (၄) Meeting Hall ၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော် ကောင်စီအဖွဲ့ဝင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ကျန်းမာရေးနှင့် ပညာရေးဝန်ထမ်းများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ပညာရေးဝန်ကြီးဌာန အခြေခံပညာသင်ရိုးညွှန်းတမ်း အသစ်များတွင် အာဟာရပညာပေး သင်ခန်းစာများကို ထည့်သွင်းရေးဆွဲသင်ကြားလေ့ကျင့်ပေးလျက်ရှိသကဲ့သို့ မိဘများအနေနှင့် ကျန်းမာရေး၊ အာဟာရဖွံ့ဖြိုးရေးနှင့် သန့်ရှင်းရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့်ပတ်သက်၍ ပိုမိုသိရှိလာစေရန် မိဘ၊ ရပ်ရွာလူထုနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှဦးဆောင်၍ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်း လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် ကျောင်းသားကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုများ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်ပုံစံများနှင့် အလေ့အကျင့်ကောင်းများကို ပိုမိုသိရှိနားလည်၍ လိုက်နာကျင့်သုံးခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော ကျောင်းသား ကျောင်းသူ အနာဂတ်သားကောင်းများကို မွေးထုတ်ပေးနိုင်မည် ဖြစ်သောကြောင့် ဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက နိုင်ငံတော်၏ အရေးကြီးသော လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် ကျောင်းသားကျောင်းသူများအားလုံး ကျန်းမာသန်စွမ်းပြီး အာဟာရပြည့်ဝကာ ကျန်းမာရေးနှင့် ညီညွတ်သော အမူအကျင့်များ စွဲမြဲကျင့်သုံးတတ်စေရေးအတွက် ပညာရေးနှင့် ကျန်းမာရေးအပါအဝင် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရန်၊ မူလတန်းကျောင်းသား ကျောင်းသူများ၏ ကြီးထွားဖွံ့ဖြိုးကျန်းမာမှုနှင့် ပညာရေးတိုးတက်မှုများအတွက် ကျောင်းသား ကျောင်းသူများသာမက ၎င်းတို့မိသားစုများ၏ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်ပုံစံများ မြှင့်တင်ပေးရန် ရည်ရွယ်ပြီး ယခုပညာသင်နှစ်တွင် ကျောင်းတွင်းအာဟာရ ကျွေးမွေးခြင်းကို ၂၀၂၅ ခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီတွင် ဆောင်ရွက်ရန် စီစဉ်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇွန်လတွင်ဖွင့်လှစ်မည့် ပညာသင်နှစ်တွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများသည် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေးနှင့် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်း မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း၌အစားအစာများကို အစာအုပ်စု(၃)အုပ်စုပေါ်မူတည်၍ ရွေးချယ်ခြင်း၊ အာဟာရတန်ဖိုးလျော့နည်းမှု အနည်းဆုံးဖြစ်စေရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရန် ချက်ပြုတ်ပြင်ဆင်ပုံကို လက်တွေ့သရုပ်ပြပညာပေးခြင်း၊ KG ကျောင်းသား ကျောင်းသူများအား အစာအုပ်စု (၃) အုပ်စုပါဝင်သော ထမင်း၊ ကြက်ဥ၊ သီးစုံပဲဟင်း၊ ငှက်ပျောသီးတို့ကို နေ့လယ်စာအဖြစ် ကျွေးမွေးခြင်း**(အပေါ်ပုံ)**၊ အဏုအာဟာရမှုန့် ဖြည့်စွက်တိုက်ကျွေးခြင်း၊ နေ့လယ်စာမစားမီ စနစ်တကျလက်ဆေးခြင်း၊ နေ့လယ်စာစားပြီး သွားတိုက်ခြင်း စသည့်လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ (၂၁)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၇

**စိုက်ပျိုးရေးသုတေသနဦးစီးဌာနတည်ထောင်ခြင်း (၂၁)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရေဆင်းရှိ အဆိုပါဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပပြုလုပ်သည်။**

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ အငြိမ်းစားသုတေသနပညာရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဒေသသုတေသနခြံများမှ သုတေသီများနှင့် ပညာရှင်များက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အစိုးရက မူဝါဒများ ပြင်ဆင်ချမှတ်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်းတို့ကို ခေတ်နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိရာ စိုက်ပျိုးရေးသုတေသနလုပ်ငန်းများသည် အခြေခံအရေးပါသည့် လုပ်ငန်းများဖြစ်သည့်အတွက် မိမိတို့၏ သုတေသနလုပ်ငန်းများကို နိုင်ငံတော်မှချမှတ်ထားသည့် မျှော်မှန်းချက်များနှင့် အညီဖြစ်အောင် ဆောင်ရွက်စေလိုကြောင်း၊ ထို့အတူ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းတို့ကိုလည်း ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပြီး သုတေသနလုပ်ငန်းများကို ဆန်းသစ်တီထွင်မှု (Innovation) ရှိကြရန်နှင့် တောင်သူလယ်သမားများကိုယ်တိုင် ပူးပေါင်းပါဝင်သည့် (Farmers Participatory Research) သုတေသန လုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး စိုက်ပျိုးရေးသုတေသန ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် လှုပ်ရှားမှုဗီဒီယိုမှတ်တမ်းကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အောင်နိုင်တိုးစပါးမျိုးသစ် ထုတ်လုပ်နိုင်မှုအတွက် ဝန်ထမ်းများကို လက်ဆောင်ပစ္စည်းပေးအပ်ကြပြီး သုတေသနစွမ်းဆောင်ရည်ဆုရရှိသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြသည်။

စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးစေရေး၌ အဓိကသော့ချက်ဖြစ်သည့် စိုက်ပျိုးရေးသုတေသနလုပ်ငန်းကို လွတ်လပ်ရေးမတိုင်မီ ၁၉၀၈ ခုနှစ်ခန့်မှစ၍ စိုက်ပျိုးနည်းစနစ် သုတေသနလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည်ကို မှတ်တမ်းများအရ သိရှိရပြီး ၁၉၅၄ ခုနှစ် ဇွန် ၂၂ ရက်တွင် အင်းစိန်မြို့နယ် ကြို့ကုန်း၌ စိုက်ပျိုးရေးသုတေသန ဗိမာန် (Agricultural Research Institute – ARI) အမည်ဖြင့် တရားဝင်အဖွဲ့အစည်းတစ်ခုအဖြစ် စတင်တည်ထောင်ခဲ့ရာ မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေးသုတေသနလုပ်ငန်းဆောင်ရွက်ခဲ့မှုမှာ နှစ်ပေါင်း(၇၁)နှစ်တိုင်ခဲ့ပြီဖြစ်သည်။

နောက်ပိုင်းတွင် နိုင်ငံတော်အကြီးအကဲများက စပါးအပြင် ယာသီးနှံများကိုပါ သုတေသနပြုလုပ်သင့်ကြောင်း လမ်းညွှန်ချက်အရ ၁၉၇၁ ခုနှစ်တွင် ပျဉ်းမနားမြို့နယ် ရေဆင်းနယ်မြေကိုရွေးချယ်ပြောင်းရွှေ့ခဲ့ကာ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ၁၉၉၀ ပြည့်နှစ်တွင် ဗဟိုစိုက်ပျိုးရေးသုတေသနဌာန (CARI) အဖြစ်လည်းကောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR) အဖြစ် ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် လည်းကောင်း အဆင့်ဆင့် မြှင့်တင်ဖွဲ့စည်းခဲ့ရာ ယနေ့တွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနအဖြစ် ရပ်တည်လာခဲ့သည့် နှစ်ပေါင်း (၂၁) နှစ် တိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကြည့်ရှုအားပေးစဉ်။

**သတင်းစဉ်**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အောင်မြင်စွာကျင်းပနိုင်ရေး စီမံခန့်ခွဲမှုကော်မတီ တတိယအကြိမ်လုပ်ငန်းညှိနှိုင်း

**နေပြည်တော် ဇန်နဝါရီ ၂၇**

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး စီမံခန့်ခွဲမှုကော်မတီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနေ့အခမ်းအနားသည် နှစ်စဉ် ပုံမှန်ကျင်းပနေသည့် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် ဆပ်ကော်မတီများ အနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဘက်စုံထောင့်စုံမှ စီမံဆောင်ရွက်ကြရန်နှင့် ယခင်နှစ်ကကျင်းပခဲ့သည့် အခမ်းအနားတွင် ကြုံတွေ့ခဲ့ရသည့် အားနည်းချက်၊ အားသာချက်များကို သင်ခန်းစာရယူကာ ပြန်လည်သုံးသပ်၍ ယခုနှစ်တွင် ပိုမိုကောင်းမွန်ပြည့်စုံအောင် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ တွဲဖက်အတွင်းရေးမှူးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက် လာကြသူများက ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းနည်းပြချုပ်
## ထိုင်းနိုင်ငံသား ဘန်လက်ချာယိုဝန်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် လမ်းခွဲ

**ရန်ကုန် ဇန်နဝါရီ ၂၇**

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း နည်းပြချုပ်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည့် ထိုင်းနိုင်ငံသား ဘန်လက်ချာယိုဝန်သည် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် လမ်းခွဲလိုက်ပြီဖြစ်သည်။ ဘန်လက်ချာယိုဝန်သည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် တရားဝင် လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ပြီးခဲ့သည့်ရက်ပိုင်းက အသိပေးခဲ့ခြင်းဖြစ်သည်။

ဘန်လက်ချာယိုဝန် သည် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တွင် ဆောင်ရွက်ခဲ့သည့် လေးနှစ်ဝန်းကျင်ကာလအတွင်း မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်း၊ မြန်မာ့လက်ရွေးစင်အမျိုးသမီး ဖူဆယ်အသင်းနှင့် ယူ-၁၉ လူငယ် လက်ရွေးစင်အသင်း နည်းပြချုပ်အဖြစ် တာဝန်ယူကိုင်တွယ်ခဲ့သည်။ ၎င်းလက်ထက်တွင် မြန်မာဖူဆယ်အသင်းများ အနေဖြင့် အောင်မြင်မှုကြီးကြီးမားမား ရယူနိုင်ခဲ့ခြင်းမရှိသော်လည်း ၂၀၂၄ အာရှဖလား ဖူဆယ်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသားအသင်းကို ခြေစစ်ပွဲ အောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့သည်။ ဘန်လက်ချာယိုဝန်သည် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ ၁၉ ရက်အထိ ရန်ကုန်မြို့၌ ကျင်းပသည့် ၂၀၂၅ အာရှဖလား အမျိုးသမီးခြေစစ်ပွဲဝင် မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းကို နည်းပြချုပ်အဖြစ် ကိုင်တွယ်ခဲ့ပြီး ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းမရှိပေ။ ဘန်လက်ချာယိုဝန်သည် နည်းပြအဖြစ် ဆောင်ရွက်နေသည့် ကာလအတွင်း မြန်မာနိုင်ငံတွင်ဖွင့်လှစ်သည့် ဖူဆယ်နည်းပြသင်တန်းများတွင် သင်တန်းနည်းပြအဖြစ် ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် လက်ရွေးစင် ဖူဆယ်အသင်း နည်းပြချုပ်သစ်ကို ပြန်လည်ခန့်အပ်ရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**



ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် လူမှုဖူလုံရေးရုံးတွင် အာမခံအလုပ်သမား၏ ကျန်ရစ်သူအကျိုးခံစားခွင့်ထုတ်ပေးခြင်းကို ဇန်နဝါရီ ၂၇ ရက်က ကျင်းပရာ တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးနှင့်တာဝန်ရှိသူများက Mastech Company Limited မှ အာမခံ အလုပ်သမား ဦးနိုင်အောင်ချစ်သည် အလုပ်တာဝန်ထမ်းဆောင်ပြီးအပြန် ထိခိုက်သေဆုံးခြင်းအတွက် ဇနီးဖြစ်သူထံသို့ ငွေကျပ်သိန်း ၁၅၀ ကို ကျန်ရစ်သူအကျိုးခံစားခွင့်အဖြစ် ပေးအပ်စဉ်။ မြို့နယ်(ပြန်/ဆက်)

လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

# လုံခြုံစိတ်ချခိုင်မာမှုရှိသည့် စီးပွားရေးလုပ်ငန်းများဖြစ်စေဖို့ အခွင့်ရ စီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ် လျှောက်ထားဆောင်ရွက်စို့

အလင်းရောင်(ထွန်း)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံ့ဝင်ငွေတိုးတက်ရရှိစေရေးအတွက် ရသင့်ရထိုက်သော အကောက်ခွန်နှင့် အခွန်အခများ ဆုံးရှုံးမှုမရှိစေရေး၊ ပြည်တွင်းတိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်ထုတ်လုပ်မှု၊ ကုန်ရောင်းကုန်ဝယ် ကုန်သွယ်မှုလုပ်ငန်းများကို လုပ်ကိုင်ရာတွင် လွတ်လပ်စွာ ယှဉ်ပြိုင်လုပ်ကိုင်နိုင်စေရေးနှင့် စားသုံးသူပြည်သူများအတွက် အာမခံချက်ရှိသော လုံခြုံဘေးကင်းစိတ်ချရသည့် ကုန်ပစ္စည်းများကို သုံးစွဲခွင့်ရရှိနိုင်ရန်တို့အတွက် တရားမဝင်ကုန်သွယ်မှုများ လုံးဝပပျောက်ရေးကို ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိရာ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေကြသည့် နိုင်ငံတစ်ဝန်းရှိ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ စီးပွားရေးလုပ်ငန်းများသည် လုံခြုံစိတ်ချခိုင်မာမှုရှိသည့် စီးပွားရေးလုပ်ငန်းများ ဖြစ်စေနိုင်ရေးအတွက် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ် လျှောက်ထားဆောင်ရွက်နိုင်ပါသည်။

**"လျှောက်ထားဆောင်ရွက်ရာတွင် လျှောက်ထားလိုသူသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် အကောက်ခွန်ဦးစီးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဝက်ဘ်ဆိုက်မှဖြစ်စေ၊ စာတိုက်မှဖြစ်စေ လျှောက်ထားနိုင်ပြီး အကောက်ခွန်ဦးစီးဌာနသည် လျှောက်လွှာပါအချက်အလက်များမှာ အခွင့်ရစီးပွားရေး လုပ်ငန်းဆောင်ရွက်သူဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်၍ ပြည့်စုံမှန်ကန်မှုမရှိပါက ယင်းအချက်များကို ဖော်ပြပြီး ပြန်လည်ပြင်ဆင်စေ၍ ထပ်မံလျှောက်ထားနိုင်ကြောင်း လျှောက်ထားသူထံသို့ အကျိုးအကြောင်း ဖော်ပြအကြောင်းကြားပေးမည်"**

### အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ် လျှောက်ထားခြင်း

ထိုသို့ လျှောက်ထားဆောင်ရွက်ရာတွင် လျှောက်ထားလိုသူသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် အကောက်ခွန်ဦးစီးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဝက်ဘ်ဆိုက်မှဖြစ်စေ၊ စာတိုက်မှဖြစ်စေ လျှောက်ထားနိုင်ပြီး အကောက်ခွန်ဦးစီးဌာနသည် လျှောက်လွှာပါ အချက်အလက်များမှာ အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်၍ ပြည့်စုံမှန်ကန်မှုမရှိပါက ယင်းအချက်များကို ဖော်ပြပြီး ပြန်လည်ပြင်ဆင်စေ၍ ထပ်မံလျှောက်ထားနိုင်ကြောင်း လျှောက်ထားသူထံသို့ အကျိုးအကြောင်းဖော်ပြ အကြောင်းကြားပေးမည်ဖြစ်ပါသည်။

ပြည့်စုံမှန်ကန်ပါက အကြိုသွားရောက်စစ်ဆေးနိုင်ရန် လျှောက်ထားသူထံသို့ ကြိုတင်အကြောင်းကြားပေးပြီး အကောက်ခွန်ဦးစီးဌာနသည် ကြိုတင်စစ်ဆေးသည့်အခါ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ် အသိအမှတ်ပြုခြင်းဆိုင်ရာ စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ အကဲဖြတ်နိုင်ရန်နှင့် တွေ့ရှိရသည့် အားနည်းချက်များ၊ လိုအပ်ချက်များ၊ အခက်အခဲများရှိပါက လျှောက်ထားသူအနေဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကူညီပံ့ပိုးပေးမည် ဖြစ်ပါသည်။

### စစ်ဆေးခြင်း၊ ငြင်းပယ်ခြင်းနှင့် အသိအမှတ်ပြုခြင်း

အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပါက အကောက်ခွန်ဦးစီးဌာနသည် လျှောက်ထားသူကို အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရခြင်း၊ စံသတ်မှတ်ချက်များနှင့် မကိုက်ညီပါက လျှောက်ထားသောကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းအား ငြင်းပယ်ကြောင်းကို အကျိုးအကြောင်းနှင့်အတူ အသိပေးရခြင်း၊ ငြင်းပယ်ခံရသော ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည် အသိအမှတ်ပြု စံသတ်မှတ်ချက်များနှင့် ကိုက်ညီပါက ငြင်းပယ်ခံရသည့် နေ့ရက်မှစ၍ ခြောက်လပြည့်သည့်အခါတွင် ပြန်လည်လျှောက်ထားနိုင်ခြင်း၊ အကောက်ခွန်ဦးစီးဌာနအနေဖြင့် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ် အသိအမှတ်ပြုထားသူများစာရင်းကို သင့်လျော်သည့်နည်းလမ်းဖြင့် ထုတ်ပြန်ကြေညာရခြင်း၊ ယင်းသို့ ထုတ်ပြန်ကြေညာသည့်စာရင်းကို ကုန်သွယ်မှုနှင့်ဆက်စပ်သည့် အစိုးရဌာန၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့များသို့ အသိပေးအကြောင်းကြားရခြင်း၊ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ် အသိအမှတ်ပြုခံရသူသည် ခွင့်ပြုသည့်နေ့မှစ၍ သုံးနှစ်လျှင် တစ်ကြိမ် အကောက်ခွန်ဦးစီးဌာနသို့ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ အသိအမှတ်ပြုလက်မှတ်အား သတ်တမ်းတိုးလျှောက်ထားရခြင်း၊ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူက အသိအမှတ်ပြုလက်မှတ်အား သက်တမ်းတိုးလျှောက်ထားလာသည့်အခါ လုပ်ထုံးလုပ်နည်းပါ စောင့်ကြည့်အကဲဖြတ်ချက်အစီရင်ခံစာအရ စံသတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိသည်ကိုတွေ့ရပါက ဆက်လက်အသိအမှတ်ပြုကြောင်း အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ အသိအမှတ်ပြု သက်တမ်းတိုးလက်မှတ်အား ထုတ်ပေးရခြင်း၊ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ် အသိအမှတ်ပြုခံထားရသူသည် လုပ်ထုံးလုပ်နည်းပါ စံသတ်မှတ်ချက်များကို ဆက်လက်လိုက်နာရမည်ဖြစ်ခြင်းနှင့် ၎င်းတို့၏ လုပ်ငန်းပိုင်းဆိုင်ရာ သဘောတူညီချက်များ၊ စာချုပ်စာတမ်းများ၊ ဖွဲ့စည်းပုံ၊ ဒါရိုက်တာများ၊ ဘုတ်အဖွဲ့ဝင်များ၊ လုပ်ငန်းဆောင်ရွက်သည့်နည်းစနစ်များ၊ လုပ်ငန်းစဉ်များကဲ့သို့သော မည်သည့်ပြောင်းလဲမှုမျိုးကိုမဆို အကောက်ခွန်ဦးစီးဌာနသို့ အသိပေးအကြောင်းကြားရမည်ဖြစ်ပါသည်။

### စောင့်ကြည့်အကဲဖြတ်ခြင်း

အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူအဖြစ် အသိအမှတ်ပြုခံရသူကို အကောက်ခွန်ဦးစီးဌာနအနေဖြင့် ပရဝဏ်အတွင်းသို့ ဝင်ရောက်စစ်ဆေးခြင်း၊ စာရင်းအင်းဆိုင်ရာ ထိန်းသိမ်းရေးစနစ်ကို စစ်ဆေးခြင်း၊ ကုမ္ပဏီအတွင်း ထိန်းချုပ်မှုစနစ်ကို စစ်ဆေးခြင်း၊ အကောက်ခွန်ဦးစီးဌာန၏ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်ညီညွတ်ရန် ပြင်ဆင်ရမည့် လုပ်ဆောင်ချက်များကို စစ်ဆေးခြင်း၊ ပုံမှန်နှောင်းစာရင်းစစ်ဆေးခြင်း(အကောက်ခွန်ဦးစီးဌာန၊ နှောင်းစာရင်းစစ်ဆေးခြင်းဌာနစိတ် (Post Clearance Audit Section)မှ စာရင်းစစ်ဆေးခြင်း)၊ အခြားရရှိနိုင်မည့် သတင်းအချက်အလက်များကို ရယူစစ်ဆေးခြင်းများ ဆောင်ရွက်ပြီး ၎င်းညီညွတ်မှုမရှိသည့် အချက်တစ်ရပ်ရပ်ကို စစ်ဆေးတွေ့ရှိပါက အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူအဖြစ် အသိအမှတ်ပြုထားခြင်းကို ရုပ်သိမ်းနိုင်ပြီး လုပ်ထုံးလုပ်နည်းပါ စောင့်ကြည့်အကဲဖြတ်ချက် အစီရင်ခံစာအရ စံသတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိသည်ကို တွေ့ရှိရခြင်း၊ အကောက်ခွန်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များ သို့မဟုတ် လုပ်ထုံးလုပ်နည်းများကို လိုက်နာမှုမရှိခြင်း၊ လုပ်ထုံးလုပ်နည်းပါ စံသတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိသည်ကို တွေ့ရှိရခြင်း၊ အကောက်ခွန်ဦးစီးဌာနမှ စာရင်းစစ်ဆေးမှုအရ ပြင်ဆင်ရန်ညွှန်ကြားသည့် အချက်များကို လိုက်နာမှုမရှိခြင်း၊ အကောက်ခွန်ဦးစီးဌာနသည် အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူအဖြစ်မှ ပြန်လည်ရုပ်သိမ်းပါက အကြောင်းရင်းကို ဖော်ပြ၍ ရုပ်သိမ်းခြင်းခံရသူထံသို့ အသိပေးအကြောင်းကြားမည် ဖြစ်ပါသည်။

ယင်းသို့ ရုပ်သိမ်းသည့် အမည်စာရင်းကို ကုန်သွယ်မှုနှင့် ဆက်စပ်သည့် အစိုးရဌာန၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့များသို့ အသိပေးအကြောင်းကြားရပြီး အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူအဖြစ်မှ ရုပ်သိမ်းခြင်းခံရသူသည် အသိအမှတ်ပြုလက်မှတ်ကို အကောက်ခွန်ဦးစီးဌာနသို့ ပြန်လည်အပ်နှံရမည်ဖြစ်ပါသည်။

အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူအဖြစ်မှ ရုပ်သိမ်းခြင်းခံရသောကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည် အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူအဖြစ် ပြန်လည်လျှောက်ထားမည်ဆိုပါက ရုပ်သိမ်းခြင်းခံရသည့်နေ့မှစ၍ သုံးနှစ်ပြည့်သည့်အချိန်၌ လုပ်ထုံးလုပ်နည်းပါ စံသတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိလျှင် မူလစတင်လျှောက်ထားသူအဖြစ် မှတ်ယူ၍ အကောက်ခွန်ဦးစီးဌာနသို့ ပြန်လည်လျှောက်ထားနိုင်သည်။

သို့ဖြစ်၍ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေကြသည့် နိုင်ငံတစ်ဝန်းရှိ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ စီးပွားရေးလုပ်ငန်းများသည် လုံခြုံစိတ်ချခိုင်မာမှုရှိသည့် စီးပွားရေးလုပ်ငန်းများ ဖြစ်စေနိုင်ရေးအတွက် **"အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ်"** လျှောက်ထားပြီး အကျိုးကျေးဇူးများ ခံစားရယူနိုင်ကြပါစေကြောင်း အကြံပြုရေးသားတင်ပြလိုက်ရပါသည်။ ။

- ❖ **အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူအဖြစ် အသိအမှတ်ပြုခံရသူသည် ခွင့်ပြုသည့်နေ့မှစ၍ သုံးနှစ်လျှင် တစ်ကြိမ် အကောက်ခွန်ဦးစီးဌာနသို့ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ အသိအမှတ်ပြုလက်မှတ်အား သတ်တမ်းတိုး လျှောက်ထားရခြင်း၊ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူက အသိအမှတ်ပြုလက်မှတ်အား သက်တမ်းတိုး လျှောက်ထားလာသည့်အခါ လုပ်ထုံးလုပ်နည်းပါ စောင့်ကြည့်အကဲဖြတ်ချက် အစီရင်ခံစာအရ စံသတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိသည်ကိုတွေ့ရပါက ဆက်လက်အသိအမှတ်ပြုကြောင်း အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ အသိအမှတ်ပြု သက်တမ်းတိုးလက်မှတ်အား ထုတ်ပေးရခြင်း၊ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ် အသိအမှတ်ပြုခံထားရသူသည် လုပ်ထုံးလုပ်နည်းပါ စံသတ်မှတ်ချက်များကို ဆက်လက်လိုက်နာရမည်**
- ❖ **အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ်မှ ရုပ်သိမ်းခြင်းခံရသောကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည် အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူအဖြစ် ပြန်လည်လျှောက်ထားမည်ဆိုပါက ရုပ်သိမ်းခြင်းခံရသည့်နေ့မှစ၍ သုံးနှစ်ပြည့်သည့်အချိန်၌ လုပ်ထုံးလုပ်နည်းပါ စံသတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိလျှင် မူလစတင်လျှောက်ထားသူအဖြစ် မှတ်ယူ၍ အကောက်ခွန်ဦးစီးဌာနသို့ ပြန်လည်လျှောက်ထားနိုင်**

## တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံ၌ မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ ခွဲစိတ်ကုသပေး



**တောင်ကြီး ဇန်နဝါရီ ၂၇**

ကျန်းမာရေး ဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်ညွှန်ကြားမှုဖြင့် ကုသရေးဦးစီးဌာနမှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ၏ မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများ ခွဲစိတ်ကုသမှုကို ဇန်နဝါရီ ၂၅ ရက်မှ ၃၀ ရက်အထိ တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံ ခုတင် ၅၀၀ ၌ ကုသပေးနေကြောင်း သိရသည်။

အဆိုပါ တောင်ကြီးမြို့ စဝ်စံထွန်း ဆေးရုံ ခုတင် ၅၀၀ ၌ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီး ၁၁ ဦးက မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ ခွဲစိတ်ကုသပေးနေမှုကို ဇန်နဝါရီ ၂၇ ရက် နံနက် ၁၁ နာရီခွဲက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ် သယံဇာတရေးရာဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ သွားရောက်၍ မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကုသမည့် ကလေးလူနာများအား ကြည့်ရှုအားပေး စကားပြောကြားခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က ခွဲစိတ်ကုသမှုအတွက် ချီးမြှင့်ငွေများ ပေးအပ်ရာ စဝ်စံထွန်းဆေးရုံကြီးမှ တာဝန်ရှိသူနှစ်ဦးက လက်ခံရယူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခွဲစိတ်ကုသဆောင်သို့သွားရောက်၍ ပါမောက္ခ၊ အထူးကု ဆရာဝန်ကြီးများက မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးလူနာများအား ခွဲစိတ်ကုသပေးနေမှုကို ကြည့်ရှုကြကြောင်း သိရသည်။ (ဓါတ်ပုံ)

မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများနှင့် သွား၊ ခံတွင်းကုသပေးမည့် ပါမောက္ခ၊ အထူးကု ဆရာဝန်ကြီးများသည် ကုသရေးဦးစီးဌာန(သွားကျန်းမာ) ကုသရေးဦးစီးဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ လှိုင်လင်ပြည်သူ့ဆေးရုံ၊ မော်လမြိုင်ပြည်သူ့ဆေးရုံ၊ နေပြည်တော်ပြည်သူ့ဆေးရုံ၊ ဂျပန်နိုင်ငံမှ အထူးကု ဆရာဝန်ကြီးများ ဖြစ်ကြပြီး ယနေ့ဇန်နဝါရီ ၂၇ ရက်တွင် ပြည်နယ်အတွင်းမှ လာရောက်ခွဲစိတ်ကုသသူ လူနာ ၁၆ ဦး ရှိကြောင်းနှင့် သွား၊ ခံတွင်းအတွက် ခွဲစိတ်ကုသသည့် လူနာများကို ဇန်နဝါရီ ၃၀ ရက်တွင် အံကပ်များ တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## မတူညီသည့် ဒစ်ဂျစ်တယ်ငွေပေးချေမှုများအားလုံးတွင် ချိတ်ဆက်အသုံးပြုနိုင်မည့် အမျိုးသားစံစနစ် MMQR အသိပညာပေး

**နေပြည်တော် ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်က အကောင်အထည်ဖော် လျက်ရှိသော National level Standard ဖြစ်သည့် MMQR( Myanmar Quick Response) အသုံးပြုပြီး မတူညီသည့် ဒစ်ဂျစ်တယ် ငွေပေးချေမှုများကို အပြန်အလှန် ချိတ်ဆက် ပေးချေနိုင်သည့် Digital Payment Switch ၏ ဆောင်ရွက်နိုင်ခြင်းဆိုင်ရာ အသိပညာပေးခြင်းကို ယနေ့နံနက် ၁၁ နာရီက ရန်ကုန်မြို့ရှိ The Eravati Sule Grand Yangon ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း၊ မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း၊ ရွှေလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ မြန်မာ ဒစ်ဂျစ်တယ် စီးပွားရေးဆိုင်ရာ လုပ်ငန်းရှင်အသင်း၊ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၊ မြန်မာစီးပွားရေး လုပ်ငန်းရှင် အမျိုးသမီးများကွန်ရက်၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ ဘဏ်များနှင့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ မိတ်ဖက်ကုန်သည်များ၊ System Operator နှင့် နည်းပညာအကူအညီပေးသည့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက MMQR အသုံးပြုခြင်းဖြင့် မည်သည့် Mobile Wallet (မိုဘိုင်းပိုက်ဆံအိတ်)ကိုမဆို အပြန်အလှန် ချိတ်ဆက်ပေးချေနိုင်သည့် လုံခြုံ၍ စွမ်းရည်ပြည့်ဝသော ငွေပေးချေမှုစနစ်တစ်ရပ် ပေါ်ပေါက်လာမည်ဖြစ်ပြီး ငွေသားကိုင်တွယ်သုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အသုံးပြုသူများအနေဖြင့် မိမိကြိုက်နှစ်သက်ရာ Wallet တစ်ခုတည်းကိုသာအသုံးပြု၍ ကုန်သည်များအား ပေးချေနိုင်ခြင်း၊ ကုန်သည်များ အနေဖြင့်လည်း QR မျိုးစုံထားရှိရန် မလိုအပ်ဘဲ MMQR တစ်ခုတည်းဖြင့် Wallet အမျိုးမျိုးပေးခြင်းအား လက်ခံနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်ပ ခရီးသွားများအတွက် ငွေသယ်ယူရန်မလိုအပ်ဘဲ MMQR ဖြင့် ပြည်တွင်း၌ သုံးစွဲနိုင်ရေးအတွက် အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ချိတ်ဆက်နိုင်ရေး ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် System Operator ဖြစ်သည့် PayPlus Co.,Ltd မှ တာဝန်ရှိသူတစ်ဦးက Digital Payment Switch (MMQR) ၏ လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်ကို လည်းကောင်း၊ ဘဏ်များ၏ ကိုယ်စားလှယ်များက MMQR အသုံးပြုခြင်းဖြင့် ကုန်သည်လုပ်ငန်းရှင်ကြီးများ ရရှိနိုင်မည့် အကျိုးကျေးဇူးများ၊ သိရှိရမည့် အချက်များနှင့် ဆောင်ရန်၊ ရှောင်ရန်တို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ကုန်သည်လုပ်ငန်းရှင်ကြီးများနှင့် တက်ရောက်လာသူများ၏ သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာ ကိုယ်စားလှယ်များက ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ MMQR အသုံးပြုပြီး မတူညီသည့် ဒစ်ဂျစ်တယ်ငွေပေးချေမှုများကို အပြန်အလှန်ချိတ်ဆက်ပေးချေနိုင်ခြင်းဆိုင်ရာ အသိပညာပေး မိတ်ဆက်စဉ်။

## တွံ့တေးမွေးမြူရေးဇုန်၌ မွေးမြူရေးကိုအခြေခံသည့် ခေတ်မီကုန်ချောထုတ်လုပ်မှုအားကောင်းစေရေး မျှော်မှန်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး တွံ့တေးမွေးမြူရေးဇုန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ထိုသို့စစ်ဆေးစဉ် တာဝန်ခံများက မွေးမြူရေးဇုန်အပိုင်း(၁)အတွင်း မွေးမြူရေးလုပ်ငန်းရှင် ၂၁ ဦး၊ ဇုန်အပိုင်း(၂)တွင် မွေးမြူရေးလုပ်ငန်းရှင် ၂၀၊ ဇုန်အပိုင်း(၃)တွင် မွေးမြူရေးလုပ်ငန်းရှင် ၅၁ ဦးတို့က အသားတိုးကြက်၊ ဥစားကြက်၊ တိုင်းရင်းကြက်၊ ဆိတ်၊ ငုံး၊ အသားတိုးဝက်၊ နို့စားနွားနှင့် ဒေသနွားမျိုးများ မွေးမြူထားရှိမှုအခြေအနေများကို လည်းကောင်း၊ Universal Diamond Co.,Ltd မှ နို့စားနွားမွေးမြူထားရှိမှုနှင့် BOSS ဒိန်ချဉ်ထုတ်လုပ်ဖြန့်ဖြူးပေးနေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး မွေးမြူရေးလုပ်ငန်းရှင်များနှင့် မွေးမြူရေးတောင်သူများ၊ မွေးမြူရေးအစားအစာ ထုတ်လုပ်သူများက လုပ်ငန်းဆောင်ရွက်မှု ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဒေသဝမ်းစာ ဖူလုံရေးအပြင် ဈေးကွက်လိုအပ်ချက်ရှိနေသည့် အသားကဏ္ဍ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာရန် လိုအပ်ကြောင်း၊ မွေးမြူရေးကိုအခြေခံသည့် ခေတ်မီကုန်ချောထုတ်လုပ်မှု အားကောင်းလာစေရန် လုပ်ငန်းစဉ်တစ်လျှောက် အားလုံးပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ပြည်တွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ ခိုင်မာသောဈေးကွက် ဖော်ဆောင်နိုင်ကြစေရန်၊ ဈေးကွက်နှင့်ကိုက်ညီသော အရည်အသွေးပြည့် ထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်စေရန် ရည်ရွယ်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် မွေးမြူရေးဇုန်အတွင်း မွေးမြူရေးတောင်သူများ၏ ငုံးများမွေးမြူထားရှိမှုနှင့် ငုံးမွေးမြူရေးအဆောင်သစ်ဆောက်လုပ်နေမှု၊ အသားတိုးဝက်နှင့် အသားစားကြက်များ မွေးမြူထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ငါးလုပ်ငန်းသိပ္ပံ(တွံ့တေး)၌ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဆောက်လုပ်လျက်ရှိသည့် ကျောင်းသားအိပ်ဆောင်များ၊ ရေချိုပုစွန် သားဖောက်ရုံ တည်ဆောက်နေမှု၊ ငါးခုံးမကြီး၊ ငါးတံခွန်၊ ရွှေဝါငါးကြင်းနှင့် ရောင်စုံငါးကြင်းများ သားဖောက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) တို့ ဖျာပုံမြို့နယ် ဓမင်းဆိပ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၇**

ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ် (စကု) တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ဖျာပုံခရိုင် ဖျာပုံမြို့နယ် ဓမင်းဆိပ်ကျေးရွာ ဆုတောင်းပြည့်အဏ္ဏဝါဦး စေတီတော်မြတ်တွင် အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၅၂ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၉၁ ဦး၊ ခွဲစိတ်ရောဂါ ၁၈ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၁ ဦး၊ ကလေးရောဂါ ၅၀၊ အရိုးရောဂါ ၁၄၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၂ ဦး၊ မျက်စိရောဂါ ၁၄၆ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၁ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာကိုးဦး၊ မျက်စိခွဲစိတ်လူနာ တစ်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၇ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၁၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၀ တို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါသည်-



"သမီးလုပ်တဲ့ သူကတော့ အမေဆေးခန်း သွားပြပါ။ ကိုယ်သွားပြလို့ရှိရင် လက်ထဲမှာ ပိုက်ဆံကတစ်ပြားမှ မရှိဘူးလေ။ မရှိတဲ့အတွက်ကြောင့် ကျွန်မလည်း သွားမပြဘဲနဲ့ ဝေဒနာကိုပဲ ခံစားရပါတယ်။ အခုလို ဆရာတို့ သဘောလာတဲ့အတွက် ကြားရတော့ အလွန်ပဲ ဝမ်းသာပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ မျက်စိခွဲပြီးသွားတော့ မြင်ရတာလည်း ကြည်လင်သွားပါတယ်။ ဆရာတို့ကိုလည်း မြင်တွေ့ရတယ်ဆိုတော့ အလွန်ပဲ ဝမ်းသာမိပါတယ်။ အခုလို ဆရာတို့နဲ့ တွေ့တာ၊ ကျွန်မကို မျက်စိလေး ကူညီပြီးတော့ ခွဲပေးတာ အလွန်ကျေးဇူးတင်ပါတယ်။ အိပ်ရာဝင်တိုင်းဝင်တိုင်းမှာ ဆရာတွေ အကုန်လုံးကို ကျန်းမာပါစေ ချမ်းသာပါစေလို့ ဆုတောင်း မေတ္တာပို့သပေးပါတယ်။"






"ကျွန်တော်က ဘာရောဂါလဲဆိုတော့ ဂေါက်ရောဂါပါ။ အရိုးအဆစ်တွေမှာ ဘုတွေ ထွက်တာပါ အဲ့တာကို လာခွဲတာပါ။ မတည့်တာစားလို့ ထွက်တယ်ပေါ့။ မတည့်တာတွေကို ရှောင်ပေးပါတဲ့။ ကျွန်တော်တို့ ကျေးရွာမှာလည်း တိုက်နယ်ဆေးရုံရှိတယ်။ သို့သော်ငြားလည်း ကျွန်တော်ခွဲမလို့ပါပဲ ဆရာဝန်က ပြောင်းသွားတယ်။ ပြောင်းရတယ်လေ။ အဲ့လိုပြောင်းရတဲ့အခါကျတော့ ကျွန်တော် မခွဲရတော့ဘူး။ အခုလို ကျွန်တော် သွားခွဲမယ်ဆိုပြီး ရန်ကုန်ကို သွားခွဲရမှာဆိုတော့ ကိုယ်သွားချင်တဲ့ အချိန်သွားလို့မရဘူး။ အဖော်တစ်ယောက်ပါမှလေ ကျွန်တော့်မှာက နောက်ကလိုက်ပေးမယ့်သူ မရှိဘူး။ အခုလို နယ်လှည့်ဆေးလာကုပေးတဲ့အတွက်အထူးပဲ ကျေးဇူးတင်ပါတယ်။ ခွဲစိပ်ပေးတဲ့အတွက်လည်း အထူးပဲ ဝမ်းသာပီတိဖြစ်ပါတယ်။ ပါရဂူတွေ စုံလင်စွာပါတဲ့အတွက် အများပြည်သူတွေလည်း ကုသခွင့်ရတဲ့အတွက် သူတို့ကိုယ်စား ဝမ်းသာပီတိဖြစ်မိပါတယ်။"

**သတင်းစဉ်**




# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကော့သောင်းမြို့ ဇာဒက်ကြီးကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၇**

တနင်္သာရီ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ် (သံလွင်) သည် ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကော့သောင်းမြို့ ဇာဒက်ကြီးကျွန်းရှိ ဓမ္မိကာရာမတပ်ဦးကျောင်း ဆလုံဘိုးဘွားရိပ်သာ၌ အခြေပြု၍ ဇာဒက်ကြီးကျွန်းနှင့် အနီးဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၉၈ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၃၃ ဦး၊ ခွဲစိတ်ရောဂါ ၁၁ ဦး၊ သားဖွား/မီးယပ်ရောဂါငါးဦး၊ ကလေးရောဂါငါးဦး၊ အရိုးရောဂါရှစ်ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါငါးဦး၊ မျက်စိရောဂါ ၁၃ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် ဓာတ်မှန်ရိုက်လူနာရှစ်ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာကိုးဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာလေးဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာနှစ်ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါသည်-

"ရောဂါတစ်ခုခု ဖြစ်ပြီဆိုလို့ရှိရင် သွားရလာရတာ အဆင်မပြေပါဘူး။ လှေဆိုတာလည်းရှိမှ သွားရတယ်။ လှေတောင်မှပဲ အခက်အခဲရှိပါတယ်။ ဒါပေမယ့် အခုလိုမျိုးလာပြီး ကုသပေးတဲ့အတွက်ကိုလည်း အလွန်လည်း ကျေးဇူးတင်ပါတယ်။ သမီးတို့အတွက်ကတော့ အလွန်ကို ပျော်လည်းပျော်ပါတယ်။ ပီတိလည်းဖြစ်ပါတယ်။ အခက်အခဲတွေအားလုံးထဲမှာ အခုလိုမျိုးလာပြီး ကုသပေးတဲ့အတွက်ကိုလည်း အလွန်ကျေးဇူးတင်ပါတယ်။"







"ကလေးရဲ့ အနေအထား မှန်တယ်လို့လည်း ပြောပါတယ်။ ဒီမှာပြရတာလည်း အဆင်ပြေပါတယ်။ သမီးတို့အနေနဲ့ ကော့သောင်း တစ်ခါတက်ဖို့အရေးကလည်း မလွယ်ပါဘူး။ အခုလို ဆေးသဘောလာရောက်ကုသပေးတဲ့အတွက် သမီးတို့အနေနဲ့ အကုန်လုံး အဆင်ပြေသွားပါတယ်။ OG ဆရာမက တော်တော်စိတ်ရှည်ပါတယ်။ ကလေးအနေအထားတွေ အကုန်လုံးရှင်းပြပါတယ်။ နောက်နှစ်တွေတိုင်းလည်း လာနိုင်ပါစေလို့ ဆုတောင်းပါတယ်။"

**သတင်းစဉ်**

# သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများကို မိမိတို့၏လုပ်ငန်းနယ်ပယ်နှင့် ပေါင်းစပ်၍ ဌာနများကြား ပူးပေါင်းဆောင်ရွက်

**ထားဝယ် ဇန်နဝါရီ ၂၇**

တနင်္သာရီတိုင်းဒေသကြီးအဆင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအခြေခံသင်တန်း(၁/၂၀၂၅)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ယနေ့ မျက်မှောက်ကာလတွင် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များနှင့်အတူ သဘာဝဘေးအန္တရာယ်များ ပိုမိုဖြစ်ပွားလာပြီး ထိခိုက်ဆုံးရှုံးမှုများလည်း ပိုမိုကြီးမားလာသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများသာမက နိုင်ငံအတွင်း၌လည်း တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ ခရိုင်၊ မြို့နယ်အဆင့်များတွင် ကော်မတီများ/ အဖွဲ့များ အဆင့်ဆင့် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဘက်စုံထောင့်စုံ၊ ကဏ္ဍစုံမှနေပြီး ခေတ်မီနည်းစနစ်များ အသုံးပြု၍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာမည့် ပျက်စီးဆုံးရှုံးမှုများကို အဟန့်အတား မဖြစ်စေရေးအတွက် သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အခြေခံသင်တန်းမှပို့ချပေးလိုက်သောသင်ခန်းစာများအား မိမိတို့၏ဌာနကို ပြန်လည်ရောက်ရှိသည့်အခါ အသုံးချနိုင်မည်ဖြစ်သောကြောင့် အလေးထားသင်ယူစေလိုကြောင်း၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများကို မိမိတို့၏လုပ်ငန်းနယ်ပယ်နှင့် ပေါင်းစပ်၍ ဌာနများကြား ပူးပေါင်းဆောင်ရွက်နိုင်စေရန်နှင့် ဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့လာရပါက ထိရောက်လျင်မြန်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရေးနှင့် အရည်အသွေးပြည့်ဝသော သင်တန်းသား သင်တန်းသူများ ဖြစ်စေရန်အတွက် သင်ခန်းစာများကိုစိတ်ပါဝင်စားစွာဖြင့် သင်ယူလေ့လာပြီး ပြည်သူများ အကြားရင်ဆိုင်တွေ့ကြုံနေရသည့် အခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် တာဝန်သိစိတ်ကိုယ်စီဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ကူးကြသည်။

ဘေးအန္တရာယ် ကြုံတွေ့လာရပါက အရေးပေါ် တုံ့ပြန်နိုင်မည်ဖြစ်ပြီး ရပ်ရွာအခြေပြု ဘေးအန္တရာယ်စီမံ ခန့်ခွဲမှုလုပ်ငန်းများကို အရန်အင်အားအဖြစ် အင်အား တောင့်တင်းလာနိုင်စေရေးအတွက် ဌာနဆိုင်ရာ သင်တန်းသား ၅၀ အား တာဝန်ရှိသူများက ဇန်နဝါရီ ၃၁ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

# မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာစံပြကျေးရွာ၌ ရာသီဥတုပြောင်းလဲမှုသဘာဝဘေးအန္တရာယ်နှင့် မီးခိုး /မြူငွေ့လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး ဟောပြောပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် သစ်တောဦးစီးဌာနမှ ပြုလုပ်သော "ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့်မီးခိုး/မြူငွေ့လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာစံပြကျေးရွာ ဘုရားကြီးဘုန်းကြီးကျောင်းဝင်းဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ အင်းစိန်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်ထွန်းနိုင်က "မီးခိုး/မြူငွေ့နှင့် လေထုညစ်ညမ်းမှု ဖြစ်ပေါ်ရသည့် အကြောင်းရင်းများ၊ ဆိုးကျိုးများနှင့် ဖြစ်ပေါ်လာစေနိုင်သော ရောဂါများ၊ လူသားများနှင့်ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုနှင့် ရာသီဥတုပြောင်းလဲမှု လျော့နည်းစေရေး၊ သဘာဝ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး" ဆိုင်ရာ သိကောင်းစရာများကို ဟောပြောပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးစီးအရာရှိက မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားသည်။



ထို့နောက် တက်ရောက်လာသူများအား အသိပညာပေး လက်ကမ်း စာစောင်များအား ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိ

**(၂၇-၁-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁၉-၁-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆-၁-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၉၄၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)မှ သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

# နိုင်ငံတကာကျောင်း ၁၁ ကျောင်းမှ Queen of the year 2025 အလှမယ်ရွေးချယ်ပွဲ၌ နန်းဆုသီရိနိုင် Winner ဆွတ်ခူး

**ရန်ကုန် ဇန်နဝါရီ ၂၇**

Hype Event and Entertainment မှ ဦးဆောင်ကျင်းပသည့် နိုင်ငံတကာကျောင်းပေါင်း ၁၁ ကျောင်းမှ ကိုယ်စားပြု အလှမယ်ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် Queen of the Year 2025 ပြိုင်ပွဲကြီးကို ရန်ကုန်မြို့ရှိ Clover Suites Golden Valley Serviced Apartments ၌ ဇန်နဝါရီ ၂၅ ရက်က ကျင်းပသည်။

အဆိုပါ Queen of the Year 2025 ပြိုင်ပွဲတွင် အလှမယ်ကျောင်းသူ Top 20 Finalists များအနက် Winner ဆုကို NMA College– BBA Program မှ အလှမယ်ကျောင်းသူ နန်းဆုသီရိနိုင်ကလည်းကောင်း၊



1st Runner Up ဆုကို NMA College– BBA Program မှ အလှမယ်ကျောင်းသူကြယ်စင်ဝေကလည်းကောင်း၊ 2nd Runner Up ဆုကို Global English College –GECမှ အလှမယ်ကျောင်းသူ ဖူးသင်ဇာစိုးကလည်းကောင်း ရရှိပြီး Title Award ဆုများဖြစ်သော Best Social Award ဆုကို နန်းဆုသီရိနိုင်၊ Best Body Award ဆုကို ဖူးသင်ဇာစိုး၊ Most Popular Award ဆုကိုကြယ်စင်ဝေ၊ Your Stylist ဆုကို အေးပြည့်စုံထိုက်ကလည်းကောင်း ရရှိသည်။

"ဒီပြိုင်ပွဲကို အဓိကကျင်းပဖြစ်တာက ကျောင်းသူ ကျောင်းသားအချင်းချင်း တစ်ကျောင်းနဲ့တစ်ကျောင်း ချစ်ကြည်ရင်းနှီးမှုရဖို့အတွက် ရည်ရွယ်ပြီး ကျင်းပတာဖြစ်ပါတယ်။ ပြိုင်ပွဲမှာပါဝင်တဲ့ ကျောင်းပေါင်း ၁၁ ကျောင်းက ပြိုင်ပွဲဝင်အလှမယ်ညီမငယ်တွေကို လျှောက်လွှာတွေခေါ်ယူပြီးတော့မှ နောက်ဆုံးအနေနဲ့ Finalist အလှမယ်တွေကို ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ Winner ရခဲ့တဲ့ အလှမယ်အနေနဲ့ Crown နဲ့ စလွယ်ချီးမြှင့်ပေးမှာဖြစ်ပြီး ဆုကြေးခုနစ်သိန်းပေးအပ်ခဲ့တဲ့အပြင် ကျောင်းဘက်ကလည်း ပညာသင်ဆု ပေးအပ်သွားဖို့ရှိပါတယ်။ အခုလိုပြိုင်ပွဲမျိုးကို ကျင်းပဖြစ်တာက ကျောင်းပေါင်းစုံက အလှမယ်ကျောင်းသူ ညီမငယ်အချင်းချင်း သူတို့ရဲ့ အလှအပတွေကို ပြသနိုင်သလို လူငယ်တွေရဲ့ ဘဝခရီးလမ်းအတွက် အမှတ်တရတစ်ခုဖြစ်စေဖို့ ရည်ရွယ်ပါတယ်" ဟု Hype Event and Entertainment မှ ပွဲစီစဉ်သူ ကိုဟိန်းနေက ပြောသည်။

အောင်မြင့်(ပြန်/ဆက်)

# ဆင်ပေါင်ဝဲမြို့၌ အသက်တစ်နှစ်မှ ငါးနှစ်အရွယ် ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံ

**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အသက်တစ်နှစ်မှ ငါးနှစ်အရွယ် ကလေးငယ်များအား Big Catch–UP နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းကို ဇန်နဝါရီ ၂၃ ရက်က မြို့နယ်မိခင်နှင့် ကလေး ကျန်းမာရေးဦးစီးဌာနနှင့် ရပ်ကွက်၊ ကျေးရွာများ၌ ထိုးနှံတိုက်ကျွေးပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီနှင့် ကျန်းမာရေးဝန်ထမ်းများက အသက်တစ်နှစ်မှ ငါးနှစ်အရွယ်ကလေးများအနက် ကာကွယ်ဆေးအကြိမ်ပြည့် မရရှိသေးသော ကလေးငယ်များနှင့် ကာကွယ်ဆေးတစ်ကြိမ်မျှမရရှိသေးသည့် ကလေးငယ်များအား ငါးမျိုးစပ်ကာကွယ်ဆေး၊ ဝက်သက်ဂျိုက်သိုးရောဂါ ကာကွယ်ဆေးနှင့် ပိုလီယိုရောဂါကာကွယ်ဆေးတို့ ထိုးနှံတိုက်ကျွေးပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ဘေးလွတ်ရာတိမ်းရှောင်နေရသော ပါလက်စတိုင်းလူမျိုး သောင်းနှင့်ချီ ဂါဇာသို့နေရပ်ပြန်

**ဂါဇာ ဇန်နဝါရီ ၂၇**

၁၅ လအကြာ ဘေးလွတ်ရာ တိမ်းရှောင်ပြီးနောက် ပါလက်စတိုင်းလူမျိုး သောင်းနှင့်ချီမှာ ဂါဇာမြို့ရှိ ၎င်းတို့၏ နေအိမ်များနှင့် ဂါဇာမြောက်ပိုင်းဒေသများသို့ ဇန်နဝါရီ ၂၇ ရက်တွင် နေရပ်ပြန်သွားကြပြီဖြစ်ကြောင်း သိရသည်။

ဟားမားစ်နှင့် အစ္စရေးတို့အကြား ဇန်နဝါရီ ၃၁ ရက်မတိုင်မီ အစ္စရေးဓားစာခံ အာဘဲလ် ရေဟုဒ်နှင့် နောက်ထပ်နှစ်ဦး ပြန်လွှတ်ပေးရေး သဘောတူညီမှုရရှိခဲ့သည်ဟု ကာတာနိုင်ငံက ဇန်နဝါရီ ၂၆ ရက် ညနေပိုင်းတွင် ထုတ်ပြန်ကြေညာပြီးနောက် ထိုကဲ့သို့ ပါလက်စတိုင်းလူမျိုးများ နေရပ်ပြန်မှု ထွက်ပေါ်လာခြင်းဖြစ်သည်။

ဟားမားစ်တို့က ဖေဖော်ဝါရီ ၁ ရက်တွင် နောက်ထပ်ဓားစာခံသုံးဦး လွှတ်ပေးသွားဖွယ်ရှိသည်။ သဘောတူညီချက်အရ အစ္စရေးသည် ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းမှစတင်ကာ ဂါဇာကမ်းမြောင်မြောက်ပိုင်းသို့ ဒေသခံများ နေရပ်ပြန်ရေးကို ခွင့်ပြုပေးထားသည်။

ဟားမားစ်အဖွဲ့သည် ဓားစာခံများ လွှတ်ပေးရေး နောက်ထပ်အဆင့်တစ်ခုကို ဆက်လက်လုပ်ဆောင်ရန် လက်ခံသဘောတူညီကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု၏ရုံးက ဇန်နဝါရီ ၂၇ ရက် အစောပိုင်းတွင် ထုတ်ဖော်ပြောကြားသည်။

ဆင်ဟွာ



ဂါဇာကမ်းမြောင် မြောက်ပိုင်းရှိ နေအိမ်များသို့ ပြန်လာကြသော နေရပ်စွန့်ခွာ ပါလက်စတိုင်းလူမျိုးများကို ဇန်နဝါရီ ၂၇ ရက်က တွေ့ရစဉ်။




# အမေရိကန်နိုင်ငံ၌ တရားမဝင်နေထိုင်သည်ဟု သံသယရှိသူ ၁၀၀၀ ခန့်ဖမ်းဆီး

**ဟူစတန် ဇန်နဝါရီ ၂၇**

အမေရိကန်နိုင်ငံ၌ ဇန်နဝါရီ ၂၆ ရက် တစ်ရက်တည်းတွင် တရားမဝင် နေထိုင်သည်ဟု သံသယရှိသူ ၁၀၀၀ ခန့်ကို ဖမ်းဆီးခဲ့ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်စိုးမိုးရေး(အိုင်စီအီး)က လူမှုကွန်ရက်မီဒီယာ X တွင် ဇန်နဝါရီ ၂၆ ရက် ညက ပြောကြားသည်။

အိုင်စီအီးသည် ဇန်နဝါရီ ၂၆ ရက်က ချီကာကို၊ ဒန်ဗာမှ ဒဲလစ်၊ ဖော့ဝ့်နှင့် အော်စတင် အပါအဝင် တက္ကဆက်အတွင်းရှိ မြို့ကြီးများကို ပစ်မှတ်ထားကာ ဝင်ရောက်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

မြောက်တက္ကဆက်၌ လူ ၈၄ ဦးကို ဖမ်းဆီးကာ အိုင်စီအီးရုံးသို့ ခေါ်ဆောင်သွားခဲ့ကြောင်း အိုင်စီအီး ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ဒေသဆိုင်ရာမီဒီယာသို့ ဇန်နဝါရီ ၂၆ ရက်တွင် ပြောကြားသည်။

ထရမ့်၏ အစိုးရအဖွဲ့သည် တာဝန်ထမ်းဆောင်ချိန် ပထမ သီတင်းပတ်အတွင်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အိုင်စီအီးက ဝင်ရောက်ဖမ်းဆီးမှုများကို လုပ်ဆောင်ခဲ့ရာ ဇန်နဝါရီ ၂၃ ရက်က နိုင်ငံတစ်ဝန်း အကြမ်းအားဖြင့် လူပေါင်း ၁၃၀၀ ဖမ်းဆီးခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ခန့်အပ်ထားသည့် နယ်စပ်ဒေသတာဝန်ရှိသူ တွမ်ဟိုမန်က ပြောကြားသည်။

ဆင်ဟွာ

# ဟစ်ဇ်ဘိုလာနှင့် အစ္စရေးတို့အကြား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ဖေဖော်ဝါရီ ၁၈ ရက်အထိ ဆက်လက်အသက်ဝင်နေမည်

**ဝါရှင်တန် ဇန်နဝါရီ ၂၇**

အစ္စရေးနှင့် လက်ဘနွန်ရှိ ရှီယိုက်မွတ်စလင်အဖွဲ့ ဟစ်ဇ်ဘိုလာတို့အကြား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်သည် ဖေဖော်ဝါရီ ၁၈ ရက်အထိ ဆက်လက်အသက်ဝင်နေမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ပြောကြားလိုက်သည်။

အိမ်ဖြူတော်သည် အဆိုပါကြေညာချက်ကို ဇန်နဝါရီ ၂၆ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလတွင် စတင်အသက်ဝင်ခဲ့သော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွင် လက်ဘနွန်တပ်မတော်သည် နိုင်ငံတောင်ပိုင်းတွင် ရက်ပေါင်း ၆၀ အတွင်း တပ်ဖြန့်ချထားရမည်ဖြစ်ပြီး အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတပ်ဖွဲ့တို့က အဆိုပါဒေသမှ ဆုတ်ခွာရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

သို့သော်လည်း လက်ဘနွန်ဘက်က သဘောတူညီချက်ကို အပြည့်အဝအကောင်အထည်ဖော်ခြင်းမရှိဟုဆိုကာ နောက်ဆုံးသတ်မှတ်ထားသည့်ရက် နောက်ပိုင်းတွင် အစ္စရေးတပ်မတော်သည် အဆိုပါဒေသ၌ ဆက်လက်တပ်စွဲထားကြောင်း ပြောသည်။

ထို့ကြောင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ဆက်လက်စွဲကိုင်ထားနိုင်ဦးမည်လားဆိုသည့်အပေါ် စိုးရိမ်မှုများ မြင့်တက်လျက်ရှိသည်။

အင်န်အိတ်ချ်ကေ



အစ္စရေးနှင့် လက်ဘနွန်နယ်စပ်ရှိ ကျေးရွာတစ်ရွာ၌ ပဋိပက္ခဖြစ်ပွားမှုကြောင့် ထိခိုက်ပျက်စီးသွားသော နေအိမ်များဘေးမှ လက်ဘနွန်ဒေသခံများ ဖြတ်သန်းသွားလာမှုကို ဇန်နဝါရီ ၂၆ ရက်က တွေ့ရစဉ်။

# ၇၈ ဦး အသက်ဆုံးရှုံးခဲ့သော နှင်းလျှောစီးစခန်း ဟိုတယ်မီးလောင်မှုကို စုံစမ်းစစ်ဆေးရန် လူ ၁၉ ဦးကို တူကီယဲအာဏာပိုင်များဖမ်းဆီး



**အန်ကာရာ ဇန်နဝါရီ ၂၇**

တူကီယဲ အာဏာပိုင်များသည် နိုင်ငံအနောက်မြောက်ပိုင်း ဘိုလူတောင်တန်းဒေသ နှင်းလျှောစီးစခန်းမီးလောင်မှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ရန် လူ ၁၉ ဦးကို ဖမ်းဆီးခဲ့ကြောင်း နိုင်ငံပိုင်ရုပ်သံ တီအာရ်တီတွင် ဇန်နဝါရီ ၂၇ ရက်က ဖော်ပြခဲ့သည်။

ဘိုလူ ဒုတိယမြို့တော်ဝန် ဆီဒက်ဂူလီနာ၊ မီးသတ်ဌာန ဒုတိယ ညွှန်ကြားရေးမှူး ကီနန်ကို စကွန်၊ ဂါဇယ်လီဟိုတယ်အထွေထွေမန်နေဂျာ အာမက်ဒီမာနှင့် မီးသတ်တာဝန်ရှိသူ အိုင်ရာဖန် အေကာတို့ကို ကာတယ်ကာယာ နှင်းလျှောစီးစခန်းရှိဂရင်းကာတယ် ဟိုတယ်မီးလောင်မှု ဖြစ်စဉ်ဖြင့် ဖမ်းဆီးခဲ့သည်။

အဆိုပါမီးလောင်မှုတွင် လူ ၇၈ ဦး အသက်ဆုံးရှုံးခဲ့သည်။ ဟိုတယ်ပိုင်ရှင် အပါအဝင် မီးလောင်မှုနှင့် ပတ်သက်ပြီး သံသယရှိသူ ၁၅ ဦးကို အစောပိုင်းက ဖမ်းဆီးခဲ့ပြီး ခြောက်ဦးကို ခံဝန်ကတိဖြင့် လွှတ်ပေးခဲ့သည်။

ကနဦး စုံစမ်းစစ်ဆေးချက်များအရ မီးလောင်မှုသည် မီးဖိုခန်းမှ စတင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် မီးသတ်ရေဖျန်း ကိရိယာလည်း မရှိကြောင်း သိရသည်။ မီးလောင်မှုကြောင့် မီးခိုးများအပေါ်ထပ်သို့ ရောက်ရှိသွားပြီး အပေါ်ထပ်မှ ဆင်းပြေးလာသူများ မီးခိုးငွေ့အဆိပ်များ မိသွားခဲ့သည်။

ဇန်နဝါရီ ၂၁ ရက်က လောင်ခဲ့သော အဆိုပါမီးသည် သစ်သားဖြင့် တည်ဆောက်ထားသော ဟိုတယ် ၁၂ ထပ်လုံးကို လျင်မြန်စွာကူးစက်လောင်ခဲ့သည်။

မီးလောင်မှု ဖြစ်ပွားခဲ့သော ဟိုတယ်သည် မီးဘေးလုံခြုံရေး အစီအမံများ ပြုလုပ်ဆောင်ရွက်ထားခြင်းမရှိကြောင်းလည်း သိရသည်။

ဆင်ဟွာ

# အင်ဒိုနီးရှားနိုင်ငံ အနောက်ဆူလာဝေစီ၌ မြေပြိုမှုကြောင့် လေးဦးသေဆုံး

**ဂျကာတာ ဇန်နဝါရီ ၂၇**

အင်ဒိုနီးရှားနိုင်ငံ အနောက်ဆူလာဝေစီပြည်နယ် မာမူဂျူ၌ မြေပြိုမှုဖြစ်ပွားသဖြင့် လေးဦးခန့် သေဆုံးပြီး လေးဦး ပြင်းထန်စွာ ဒဏ်ရာရရှိကြောင်း ဇန်နဝါရီ ၂၇ ရက်တွင် နိုင်ငံ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အာဏာပိုင် များက ပြောကြားသည်။

မာမူဂျူကျေးရွာ၌ ဇန်နဝါရီ ၂၆ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီ ၁၅ မိနစ်ခန့်က ရစ်နာရီကျော်ကြာ မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် မြေပြိုမှုဖြစ်ပွားခဲ့ကြောင်း မာမူဂျူ ဒေသဆိုင်ရာ ဘေးအန္တရာယ်လျော့ပါးရေးအေဂျင်စီ၏ အကြီးအကဲဖြစ်သူ တက်စလင်း ဆူကီနိုက ပြောကြားသည်။

အာဏာပိုင်များ၏ ပဏာမထုတ်ပြန်ချက်အရ သေဆုံးသူတစ်ဦးမှာ တစ်လအရွယ် ကလေးငယ်တစ်ဦးဖြစ်ကြောင်း၊ အိမ်နှစ်လုံးလည်း မြေပြိုမှုကြောင့် ဖုံးလွှမ်းသွားခဲ့ကြောင်း သိရသည်။

မြေပြိုမှုကြောင့် ဒဏ်ရာရရှိသူများမှာ မာမူဂျူ ခရိုင်ဆေးရုံရှိ အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း ပြည်တွင်းမီဒီယာများ၏ ပြောကြားချက်အရ သိရသည်။

ဆင်ဟွာ

## ပခုက္ကူမြို့နယ်၌ ဆောင်းမြေပဲများထွက်ပေါ်ပြီး ဈေးကောင်းရ

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ဆိက္ခဝ ကျေးရွာအုပ်စုအတွင်းရှိ ဆိက္ခဝ၊ သီရိ၊ ဇီးကုန်း၊ ရွာနောင်စသည့် ကျေးရွာများ၌ မြစ်ရေဝင်မြေနုကျွန်းများပေါ်၌ ငရုတ်၊ နှမ်း၊ ကြက်သွန်နီနှင့် ပဲမျိုးစုံတို့ကို နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ဆောင်းမြေပဲများကိုလည်း စိုက်ပျိုးခဲ့ပြီး ယခုအချိန်တွင် လှိုင်လှိုင်ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

မြေပဲသီးနှံကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးပြီး ဇန်နဝါရီလဆန်းပိုင်းမှစတင်၍ ရိတ်သိမ်းခဲ့ကြောင်း၊ မျိုးအနေဖြင့် ပင်ပြန့်အတောင့်ကြီးမျိုးများကို အဓိကစိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ ရိတ်သိမ်းခနှင့် လုပ်သားခအပါအဝင် မြေပဲတစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၁၀ သိန်းခန့်ကုန်ကျကြောင်း၊ မြေပဲတစ်ဧကလျှင် ၄၈ တင်းခန့်ထွက်ရှိပြီး မြေပဲအတောင့်များကို ရောင်းချခြင်းမရှိဘဲ မြေပဲဆန်များကိုသာ ရောင်းချကြကြောင်း၊ ဈေးကွက်အနေဖြင့် မြေပဲဆန်များကို ပခုက္ကူမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြကြောင်း၊ ယခုနှစ်တွင် မြေပဲသီးနှံအထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရရှိ၍ အကျိုးအမြတ်ပိုမိုရရှိကြောင်း မြေပဲစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**DOCA (မကွေး)**



## ကျောက်ဆည်မြို့နယ်၌ သင်္ဘောသီးနှံ စိုက်ပျိုးထွက်ရှိမှုနှင့် ဈေးကွက်



ကျောက်ဆည်မြို့နယ်သည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သော ဒေသတစ်ခုဖြစ်သည့်အတွက် သီးနှံမျိုးစုံစိုက်ပျိုးဖြစ်ထွန်းလျက်ရှိရာ ရာသီမရွေးစိုက်ပျိုးနိုင်ပြီး ဈေးကွက်ဝယ်လိုအားရှိသည့် သင်္ဘောပင်များကိုလည်း တိုးချဲ့စိုက်ပျိုးလာကြောင်း သိရသည်။

သင်္ဘောပင်မျိုး အနေဖြင့် အသီးအထွက်နှုန်း ကောင်းမွန်သည့် (အပင်ပု) သင်္ဘောမျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် သင်္ဘောမျိုးစေ့များကို ပျိုးထောင်၍ ပျိုးပင်များကို ပင်ခြား တန်းခြား နှစ်ပေ၊ သုံးပေခြား၍ တစ်ဧကလျှင် အပင်ရေ ၂၀၀၀ ကျော်ခန့် စိုက်ပျိုးနိုင်ကြောင်း၊ တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် ငွေကျပ် ၁၅-၁၆ သိန်းခန့် ကုန်ကျပြီး မြေဆီမြေသြဇာထည့်သွင်းမှုအပေါ် မူတည်၍ အသီးအပွင့်များ ဝေဆာ၍ အပင်သက်တမ်း ကြာနိုင်ကြောင်း၊ သင်္ဘောပင်တစ်ပင်လျှင် သင်္ဘောသီးအလုံးရေ ၂၅ - ၄၀ ထွက်ရှိပြီး တစ်ဧကလျှင် သင်္ဘောသီးအလုံးရေ ၄၀၀၀-၅၀၀၀ ကျော်ခန့် ထွက်ရှိကြောင်း၊ သင်္ဘောခြံများအနေဖြင့် သင်္ဘောသီးအမှည့်များကိုသာ ဦးစားပေးရောင်းချကြကြောင်း၊ ဈေးကွက်အနေဖြင့် သင်္ဘောသီးများကို ဒေသတွင်းရောင်းချမှုအပြင် ပွဲစားများကစိုက်ခင်းအရောက် လာရောက်ဝယ်ယူကြပြီး ထိုမှတစ်ဆင့် မန္တလေးမြို့ရှိ သီးနှံပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ သင်္ဘောသီးနှံသည် ရာသီမရွေး စိုက်ပျိုးနိုင်ပြီး စားသုံးမှုမြင့်မား၍ အကျိုးအမြတ်ရရှိသောကြောင့် တောင်သူများအနေဖြင့် နှစ်စဉ်တိုးချဲ့ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **DOCA(မန္တလေး)**

## ဆိပ်ဖြူမြို့နယ်၌ ဂျပန်ပဲယဉ်း(နီ)သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်သည် စိုက်ပျိုးရေးကို အဓိကထား၍ လုပ်ကိုင်ကြပြီး ရွာသစ်ရပ်ကွက်ရှိ တောင်သူများသည် ကိုင်းကျွန်းမြေများတွင် ကြက်သွန်နီ၊ မြေပဲ၊ ပဲမျိုးစုံသီးနှံများကို စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် ပြည်ပဝယ်လိုအားကောင်းပြီး ဈေးကွက်ခိုင်မာလျက်ရှိသော ဂျပန်ပဲယဉ်း(နီ)သီးနှံများကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ဂျပန်ပဲယဉ်း(နီ)ကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးပြီး မတ်လတွင် ရိတ်သိမ်းရကြောင်း၊ တစ်ဧကလျှင် ဂျပန်ပဲယဉ်းနီမျိုးစေ့ သုံးပြည်ခန့်နှင့် မျိုး၊ ထွန်ယက်စိုက်ပျိုးခ၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ်သုံးသိန်းခန့် ကုန်ကျကြောင်း၊ ဈေးကွက်အနေဖြင့် ချောက်မြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့သို့ တင်ပို့ကြောင်း သိရသည်။

ပဲယဉ်း(နီ)သီးနှံသည် စိုက်ပျိုးမှုကုန်ကျစရိတ်သက်သာပြီး အကျိုးအမြတ်များရရှိသည့် သီးနှံဖြစ်ရာ ယခုနှစ် စိုက်ပျိုးရာသီချိန်တွင် ရာသီဥတု ကောင်းမွန်၍ ဂျပန်ပဲယဉ်း(နီ) စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး သီးနှံရိတ်သိမ်းချိန်တွင် အထွက်နှုန်းနှင့် ဈေးနှုန်းကောင်းမွန်ပါက အကျိုးအမြတ်များ ပိုမိုရရှိမည်ဖြစ်ကြောင်း ဂျပန်ပဲယဉ်း(နီ)စိုက်တောင်သူတစ်ဦးထံမှ သိရသည်။ **DOCA (မကွေး)**



## မုံရွာမြို့နယ်ရှိ ကီလိုမာလကာသီး စိုက်ပျိုးထွက်ရှိမှုနှင့် ဈေးကွက်

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာများ၌ သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ မြေအမျိုးအစားမရွေး ဖြစ်ထွန်းအောင်မြင်ပြီး စိုက်ပျိုးရန်လွယ်ကူသော နှစ်ရှည်ပင် သီးနှံတစ်မျိုးဖြစ်သည့် ကီလိုမာလကာသီးကို ဘုမ္မနိုးကျေးရွာတွင် စီးပွားဖြစ်စိုက်ပျိုးထားကြောင်း သိရသည်။



ကီလိုမာလကာ သီးနှံကို အစိုဓာတ် ကောင်းစွာရရှိသည့် စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် စိုက်ပျိုးကြကြောင်း၊ ၇-၈ လသားအရွယ်ရှိ ကိုင်းကူးပျိုးပင်(အကြီး) တစ်ပင်လျှင် ငွေကျပ် ၂၀၀၀၊ ပျိုးပင်(အသေး) တစ်ပင်လျှင် ငွေကျပ် ၁၀၀၀-၁၅၀၀ ဖြင့် ဝယ်ယူ၍ ပင်ခြားတန်းခြား ရှစ်ပေအကွာဖြင့် စိုက်ပျိုးပြီး တစ်ဧကလျှင် အပင်ရေ ၃၅၀ ခန့်စိုက်ပျိုးရကြောင်း၊ အသီးကင်းများ စတင်ချိန်တွင် အားဆေး၊ ပိုးသတ်ဆေးနှစ်ကြိမ်ခန့် ဖျန်းပေးရပြီး အသီးကင်းများ အနည်းငယ် ကြီးထွားလာပါက စက္ကူအကြည်အိတ်များဖြင့် စွပ်ပေးရကြောင်း၊ ကီလိုမာလကာပင်များ တစ်နှစ်သားအရွယ်ခန့်တွင် အသီးများကို စတင်ခူးဆွတ်နိုင်ပြီး တစ်နှစ်ပတ်လုံး ရရှိနိုင်ကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် သိန်း ၅၀ ခန့်ကုန်ကျကြောင်း၊ မြေအနေအထားနှင့် အပင်ဖြစ်ထွန်းအောင်မြင်မှုအပေါ် မူတည်၍ ကီလိုမာလကာတစ်ပင်သည် တစ်နှစ်လျှင် အလုံးရေ ၁၅၀-၂၀၀ ခန့်ထွက်ရှိပြီး တစ်ဧကလျှင် အလုံးရေ ၄၈၀၀၀-၅၀၀၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်းရောင်းချမှုအပြင် ပွဲစားများကလည်း စိုက်ခင်းအထိ လာရောက်ဝယ်ယူကြပြီး မုံရွာ သစ်သီးဒိုင်များသို့ တင်ပို့ရောင်းချကြ ကြောင်း သိရသည်။

**DOCA (စစ်ကိုင်း)**

### ၂၇-၁-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ (ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၆၀၀၀ | ၁၁၁၆၅ | ၂၄၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၂၃၀၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၂၆၀၀၀ | ၅၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၆၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၈၀၀၀ | ၂၂၀၀၀ | - | ၂၀၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၁၇၅၀၀ | ၁၅၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၇၅၀၀ | ၂၀၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၈၂၃၀ | ၁၇၅၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၆၅၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၄ | လှိုင်ကော် | ၄၀၀၀ | | ၇၀၀၀ | ၁၈၀၀၀ | ၈၂၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | | | ၄၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၄၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၈၀၅၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၅၀၀၀ | ၁၈၀၀၀ | ၈၀၅၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၈၄၀၀ | ၁၈၀၀၀ | ၄၆၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၅၈၀၀ | ၂၀၀၀၀ | ၃၃၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၂၀၀၀၀ | ၈၅၅၀ | ၁၈၀၀၀ | ၄၆၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၉၀၀၀ | ၈၅၀၀ | ၉၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၅၇၀၀ | ၁၉၀၀၀ | ၃၄၀၀၀ | ၂၅၀၀၀ | ၂၈၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၁၉၀၀၀ | ၇၇၀၀ | ၁၆၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၅၆၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၁၀၀၀၀ |
| ၁၀ | ပုသိမ် | ၃၃၅၀ | | ၅၁၀၀ | ၂၁၅၀၀ | ၈၀၅၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၅၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၅၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၈၃၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၁၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၃၆၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၈၄၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၈၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၄၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၅၀၀ | ၈၁၀၀ | ၁၅၀၀၀ | ၃၃၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၇၀၀ | ၉၅၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၈၀၈၀ | ၁၄၀၀၀ | ၃၆၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၃၀၀၀ | ၃၈၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၄၅၀ | | ၇၂၀၀ | ၉၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၈၀၀၀ | ၁၂၅၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၂၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၇၉၆၅ | ၁၅၈၀၀ | ၃၆၀၀ | ၁၆၄၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၄၀၀၀ | ၇၀၀ | ၈၅၀၀ | ၇၂၀၀ | ၇၇၀၀ | ၆၈၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၂၉၀၀၀ | ၂၃၅၀၀ | ၂၈၀၀၀ | ၁၃၀၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၇၉၆၅ | ၁၆၄၀၀ | ၄၀၀၀ | ၁၆၈၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၇၀၀ | ၉၀၀၀ | ၇၄၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၂၄၀၀၀ | ၂၈၅၀၀ | ၁၃၄၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၁၈၅၀၀ | ၁၅၀၀၀ | ၂၉၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၄၅၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၉၅၀၀ | ၇၅၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၂၉၀၀၀ | ၄၀၀၀၀ | ၁၅၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးနှင့်ပတ်သက်၍ ငွေကြေးများတောင်းခံခဲ့ကြသည့် ဝန်ထမ်းများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၇**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ဥပဒေအမှတ် (၂၇/၂၀၁၀) ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာသက်ဝင်စေခဲ့ကာ ပြည်သူ့စစ်မှုထမ်းသင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောင်မြင်စွာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ်အလိုက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ စနစ်တကျ ဖွဲ့စည်းထားရှိ၍ ထုတ်ပြန်ထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် အညီသာ ရွေးချယ်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပြည်သူများ သိရှိနားလည်စေရန် ရုပ်မြင်သံကြားများနှင့် သတင်းစာများတွင် ထုတ်ပြန်လျက်ရှိပြီး ပြည်သူ့စစ်မှုထမ်း ဥပဒေအရ အကျုံးဝင်သည့် အသက် ၁၈ နှစ်မှ ၃၅ နှစ်အထိ အမျိုးသားများကိုသာ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆင့်ခေါ်ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ ဥပဒေနှင့်အညီ ဆောင်ရွက်လျက် ရှိသော်လည်း ဇန်နဝါရီ ၂၆ ရက်တွင် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ ရွှေဘိုမြို့နယ်အတွင်း ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်မှုနှင့် ပတ်သက်၍ ငွေကြေးအလွဲသုံးစားမှု ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဖြစ်စဉ်အား မြေပြင်သတင်း စိစစ်ဖော်ထုတ်ခဲ့ရာ ဇန်နဝါရီ ၂၄ ရက် ည ၇ နာရီခန့်တွင် ရွှေဘိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်၊ မြို့နယ်ရဲမှူး သန်းဇော်တို့ ဦးဆောင်သည့်ဧည့်စာရင်းစစ်ဆေးရေးအဖွဲ့သည် ရွှေဘိုမြို့ အမှတ်(၄) ရပ်ကွက်အတွင်း ဧည့်စာရင်း လိုက်လံ စစ်ဆေးခဲ့ကြောင်း၊ စစ်ဆေးစဉ် မောင်ကျော်မင်းခန့် အသက်(၂၄) နှစ်၊ အဘ ဦးကိုကိုလေး ကျောက်မြစ်ကျေးရွာနေထိုင်သူသည်ဧည့်စာရင်းတိုင်ကြားထားခြင်းမရှိဘဲ ရောက်ရှိနေထိုင်လျက်ရှိသဖြင့် ပြည်သူ့စစ်မှုထမ်း စာရင်းသွင်းမည်ဟုဆိုကာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်ဆောင်သွားခဲ့ကြောင်း၊ ထို့နောက် မောင်ကျော်မင်းခန့်၏ မိဘများထံသို့ ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးမှ အငယ်တန်းစာရေး သူရိန်ညွန့်က ငွေကျပ်သိန်း ၁၃၀ ပေးပါက မောင်ကျော်မင်းခန့်အစား အခြားသူတစ်ဦးအား လူစားလဲလှယ်ပေးမည်ဟု ဆက်သွယ်ပြောဆိုလာခဲ့သဖြင့် ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၃ နာရီခန့်တွင် မောင်ကျော်မင်းခန့်၏ ဖခင်ဖြစ်သူ ဦးကိုကိုလေးက သွားရောက်ပေးဆောင်ခဲ့ရကြောင်း သိရှိရသည်။



မောင်ကျော်မင်းခန့်၏ မိဘများထံ ငွေကျပ်သိန်း ၁၃၀ ကို ပြန်လည်ပေးအပ်စဉ်။

ဆက်လက် စိစစ်ဖော်ထုတ်ချက်များအရ အဆိုပါ ငွေကျပ်သိန်း ၁၃၀ အား ရွှေဘိုမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းဇော်က ၂၅ သိန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ အကြီးတန်းစာရေး ကျော်ခိုင်လတ်က ၂၅ သိန်း၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးမှ အငယ်တန်းစာရေး သူရိန်ညွန့်က သိန်း ၃၀၊ မောင်ကျော်မင်းခန့်အစား လူစားထိုးလဲလှယ်မည့် ရွှေဘိုမြို့ အမှတ်(၁၀)ရပ်ကွက်တွင် နေထိုင်သူ သန်းစိုးထိုက်က သိန်း ၅၀ စသည်ဖြင့်အသီးသီးခွဲယူခဲ့ကြကြောင်း ဖော်ထုတ်ရရှိခဲ့သည်။

ဖြစ်စဉ်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို အလွဲသုံးစားပြုလုပ်၍ ငွေကြေးရယူဆောင်ရွက်ခဲ့ကြသူများအား တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ၎င်းတို့ရယူခဲ့ကြသည့် ငွေကျပ်သိန်း ၁၃၀ ကိုလည်း မောင်ကျော်မင်းခန့်၏ မိဘများထံသို့ သက်ဆိုင်ရာ တာဝန်ရှိသူများက ဇန်နဝါရီ ၂၆ ရက် ည ၉ နာရီခွဲတွင် ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် ပြည်သူ့စစ်မှုထမ်းများအား ဆင့်ခေါ်ရာတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေသတ်မှတ်ချက်များအတိုင်းသာ ဆင့်ခေါ်သွားရန်နှင့် ငွေကြေးများ တောင်းခံခြင်း၊ လူစားထိုးလဲလှယ်ခြင်းများ မရှိစေရေး တာဝန်ရှိသူများမှ အသိပညာပေးမှုများကို ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း၊ ပြည်သူများ အနေဖြင့်လည်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်မှုနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ ဆင့်ခေါ်မှုမရှိပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ ဆက်သွယ်သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ပေးနိုင်ပါရန် အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်မှုနှင့် ပတ်သက်၍ ငွေကြေးများ တောင်းခံခဲ့ကြသူများကို တွေ့ရစဉ်။



ရဲမှူး သန်းဇော်



အကြီးတန်းစာရေး ကျော်လတ်ခိုင်



အငယ်တန်းစာရေး သူရိန်ညွန့်

## မြောက်ဥက္ကလာပမြို့နယ်၌ ဝိုင်ယာရှော့ခ်ဖြစ်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ ဇန်နဝါရီ ၂၅ ရက်က ဝိုင်ယာရှော့ခ်ဖြစ်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်(၁၈)ရပ်ကွက် Wood Dawi ပရိဘောဂစက်ရုံ၌ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ မြောက်ဥက္ကလာပမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မီးသတ်ယာဉ်နှစ်စီးဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းခဲ့ပြီး ဖြစ်စဉ်အားစိစစ်ရာ Wood Dawi ပရိဘောဂစက်ရုံ၏ မန်နေဂျာဖြစ်သူ မျိုးသက်(၄၆)နှစ်က စက်ရုံတွင် တပ်ဆင်ထားသည့် မီးစက်၏ ဝိုင်ယာကြိုးများ ပေါက်ပြဲ၍ ပြုပြင်စဉ် ဝိုင်ယာရှော့ခ်ဖြစ်၍ Panel Box နှင့် ဝိုင်ယာကြိုးများ မီးလောင်ပျက်စီး ဆုံးရှုံးခဲ့သောကြောင့် မျိုးသက်အား ရွှေပေါက်ကံနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## မင်းဘူးမြို့နယ်၌ တရားမဝင်သယ်ဆောင်လာသော ကျွန်းသစ်များဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်၌ ဇန်နဝါရီ ၂၆ ရက်က တရားမဝင်သယ်ဆောင်လာသော ကျွန်းသစ်များဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီတွင် မင်းဘူးခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ခရိုင်သစ်တောဦးစီးဌာနမှဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က သတင်းအရ ဆင်ခေါင်းကျေးရွာ မင်းဘူး-ပဒါန်းသွားကားလမ်း မိုင်တိုင်အမှတ် ၇ မိုင် ၃ ဖာလုံနှင့် ၄ ဖာလုံကြား၌ စောင့်ဆိုင်းနေစဉ် ပဒါန်းကျေးရွာဘက်မှ မင်းဘူးမြို့ဘက်သို့ ပုသိမ်မြို့နယ် ကြာနီကန်ကျေးရွာနေ ဦးမင်းစိုး(၄၅)နှစ်မောင်းနှင်ပြီး စိုးသူ(၂၉)နှစ်လိုက်ပါလာသည့် DONG FENG မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်မှ တရားမဝင်သယ်ဆောင်လာသော ကျွန်းသစ်ခွဲသားဆိုက်စုံ ၃၇ ချောင်း၊ ၃ ဒသမ ၅၈၉၄ တန်အား တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး ပိုင်ရှင်ဖြစ်သူမှာ ထွဏ်းမင်းဦး(၄၃)နှစ်ဖြစ်ကြောင်း သိရှိရသဖြင့် မင်းစိုး၊ စိုးသူနှင့် ထွဏ်းမင်းဦးတို့ သုံးဦးအား စကုနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## ပခုက္ကူမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ဇန်နဝါရီ ၂၆ ရက်က လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၆ ရက် နံနက် ၇ နာရီတွင် ပခုက္ကူမြို့နယ် ဆင်မင်းကျေးရွာအနီး၌ မသင်္ကာဖွယ် မော်တော်ယာဉ်တစ်စီးရပ်တန့်ထားကြောင်းသတင်းအရ ပခုက္ကူ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပခုက္ကူမြို့ (၅)ရပ်ကွက်နေ ချမ်းငြိမ်းခန့် (၂၉) နှစ်အား YGN-36 1S/xxxx LEXUSLE-570 မော်တော်ယာဉ်နှင့်အတူ တွေ့ရှိရသဖြင့် စစ်ဆေးခဲ့ရာ အဆိုပါယာဉ်နှင့် ပတ်သက်၍ အထောက်အထားတစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း သိရှိရသဖြင့် ချမ်းငြိမ်းခန့်အား ပခုက္ကူမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

### PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

ဥပဒေဘောင်အတွင်း
နေထိုင်ခြင်း
ဘေးကင်းရန်ကွာ
စိတ်ချမ်းသာ



## ဆေးကုမ္ပဏီများမှ သုံးစွဲသူပြည်သူများသို့ ဆေးဝါးများတိုက်ရိုက်ရောင်းချ

**နေပြည်တော် ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များ အသင်းသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ညွှန်ကြားမှု၊ နေပြည်တော်ကောင်စီ၏ ပံ့ပိုးမှုဖြင့် နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာကန်တော်ခန်းမ (မြင်းရုပ်အနီး)၌ ဒုတိယအကြိမ်မြောက် ဆေးကုမ္ပဏီများမှ သုံးစွဲသူပြည်သူများသို့ ဆေးဝါးများ တိုက်ရိုက်ရောင်းချပွဲကို ဇန်နဝါရီ ၂၇ ရက်မှ ၃၁ ရက်အထိ ကျင်းပရာ ဆေးကုမ္ပဏီ ၄၀ မှ ဆေးဝါးမျိုးစုံတို့အား ပါဝင်ပြသ ရောင်းချလျက်ရှိသည်။

ယင်းသို့ ဆေးဝါးဝယ်ယူရာ၌ ဝယ်ယူမရရှိခြင်းများနှင့် အခြားသော အခက်အခဲများရှိနိုင်ခြင်းတို့အပြင်၊ ဆေးဝါးမှားယွင်းဝယ်ယူမိခြင်းမရှိစေရန်နှင့် အာနိသင်ရှိသောအလားတူဆေးဝါးများအား စိတ်ချစွာ ဝယ်ယူနိုင်ရန်အတွက် ဆွေးနွေးတိုင်ပင်၊ ညွှန်ကြားမှုပြုပေးနိုင်ရန် ပြပွဲတွင် ဆရာဝန်နှင့် ဆေးဝါးနားလည်ကျွမ်းကျင်သူများထားရှိကာ ဝန်ဆောင်မှုပေးဆောင်ရွက်သွားမည်ဖြစ်သည်။

"ဆေးဝါးတွေကို အလွယ်တကူရရှိနိုင်ဖို့အတွက် အလှည့်ကျဆရာဝန်တွေလည်း ရှိပါတယ်။ ဥပမာ ဒီဆေးသောက်ချင်တယ်ဆိုရင် ဆေးကိုလည်း ရှာပေးမယ် မရှိခဲ့ဘူးဆိုရင်လည်း ဒီဆေးနဲ့ အလားတူ သောက်လို့ရမယ့် Chemical တူမယ့်ပုံစံမျိုးကို ကူညီရှာဖွေပေးသွားမှာ ဖြစ်ပါတယ်။ နောက်ပြီး ဆေးဝါးနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကိုလည်း သေသေချာချာ ရှင်းပြပေးသွားမှာဖြစ်ပါတယ်။ ဆေးဝါးတွေအနေနဲ့ကတော့ ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကျောက်ကပ်ဆေး၊ အားဆေးအမျိုးမျိုး၊ ပိုးသတ်ဆေး၊ အပူကျဆေး၊ ချောင်းဆိုးပျောက်ဆေး စတဲ့ဆေးဝါးမျိုးစုံကို တစ်နေရာတည်းမှာ ရရှိနိုင်မှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့ပြင် ဖေဖော်ဝါရီလအတွင်း ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင်လည်း အရောင်းစင်တာများကို ထပ်မံဖွင့်လှစ်၍ ဆေးကုမ္ပဏီများမှသုံးစွဲသူပြည်သူများသို့ တိုက်ရိုက်ဆေးဝါးရောင်းချခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ JJJ

## ဆောင်းရာသီတွင် ဖြစ်ပွားလေ့ရှိသော လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ကူးစက်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် အသိပေးနှိုးဆော်ချက် (၁၃-၁-၂၀၂၅)

ဆောင်းရာသီကာလတွင် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားစေတတ်သော ရာသီတုပ်ကွေးရောဂါပိုးများ၊ ကိုဗစ် - ၁၉ ရောဂါပိုး၊ Human metapneumovirus(HMPV) ရောဂါပိုးစသည့် အဏုဇီဝရောဂါပိုးများ ကူးစက်ဖြစ်ပွားမှုမြင့်တက်လေ့ရှိပြီး ကလေးငယ်များ၊ အသက်အရွယ်ကြီးရင့်သူများနှင့် ကိုယ်ခံအားစနစ် ကျဆင်းနေသူများတွင် ရောဂါပိုမိုပြင်းထန်စွာ ခံစားရစေနိုင်သည်။

### ရောဂါကူးစက်ပုံနည်းလမ်းများ

- ရောဂါပိုးကူးစက်ခံစားနေရသူ၏ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့မှထွက်ရှိသည့် အစက်အမှုန်များ(Droplets) မှတစ်ဆင့် ကူးစက်ခြင်း။
- ရောဂါပိုးကူးစက်ခံစားနေရသူနှင့် အနီးကပ်ထိတွေ့ခြင်း၊ လက်ဆွဲနှုတ်ဆက်ခြင်းမှ တစ်ဆင့်ကူးစက်ခြင်း။
- ရောဂါပိုးကပ်တင်နေသည့် အရာဝတ္ထုပစ္စည်းများ၊ မျက်နှာပြင်များအား လက်ဖြင့်ထိမိပြီး ပါးစပ်၊ နှာခေါင်းနှင့် မျက်စိတို့အား ထပ်ဆင့်ထိမိရာမှ တစ်ဆင့်ကူးစက်ခြင်း။

### ရောဂါလက္ခဏာများ

- ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ နှာစေးနှာပိတ်ခြင်း၊ လည်ချောင်းနာခြင်း၊ အသက်ရှူကြပ်ခြင်း၊
- ရောဂါပြင်းထန်ပါက လေပြွန်ရောင်ခြင်း၊ အဆုတ်ရောင်ခြင်း။

### ရောဂါကာကွယ်ရေးနည်းလမ်းများ

- ရောဂါသံသယလက္ခဏာများ ခံစားရပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ဝတ်ဆင်ခြင်း၊ ဆပ်ပြာနှင့်ရေ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်ဖြင့် စနစ်တကျလက်ဆေးခြင်း၊ နှာချေ၊ ချောင်းဆိုးပါက နှာခေါင်းနှင့် ပါးစပ်ကို လုံခြုံအောင်ဖုံးအုပ်ခြင်း၊ အခြားသူများနှင့် ခပ်ခွာခွာနေခြင်း။

လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်ပွားမှု မြင့်တက်လျက်ရှိသော ပြည်ပနိုင်ငံများသို့ သွားရောက်မည့်သူများအနေဖြင့် ရောဂါကူးစက်ခံရမှုမရှိစေရေး သတိပြုကာကွယ်ကြရန်နှင့် မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် သံသယလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ စောစီးစွာ သွားရောက်ပြသ၍ ကုသမှုခံယူကြရန် ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## မိတ္ထီလာတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကျင်းပ

**မိတ္ထီလာ ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မိတ္ထီလာတက္ကသိုလ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ တက္ကသိုလ်၏ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ပါမောက္ခချုပ်ဒေါက်တာဘဟန်က အမှာစကားပြောကြားသည်။ ထို့နောက် အမျိုးသားဘော်လီဘောပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ရူပဗေဒအသင်းနှင့် ဝိဇ္ဇာညွန့်ပေါင်းအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ပါမောက္ခချုပ် ဒေါက်တာဘဟန်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာကျော်လင်းနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသူကျောင်းသားများ ကြည့်ရှုအားပေးကြသည်။ အဆိုပါ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် အမျိုးသားအသင်း ကိုးသင်းနှင့် အမျိုးသမီး ကိုးသင်း စုစုပေါင်း ၁၈ သင်း ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ပြိုင်ပွဲကို ဇန်နဝါရီ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**



## ရန်ကုန်-မန္တလေးကားလမ်းကြီးဘေး၌ အမှိုက်စနစ်တကျစွန့်ပစ်ရေးဆိုင်းဘုတ် စိုက်ထူ

**ကျောက်ဆည် ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးဆောင်မှုဖြင့် ဇန်နဝါရီ ၂၅ ရက်က ကျောက်ဆည်မြို့နှင့် စဉ့်ကိုင်မြို့ကြား ရန်ကုန် - မန္တလေး ကားလမ်းမကြီး၏ လမ်းဘေးဝဲ/ယာများတွင် အမှိုက်စနစ်တကျစွန့်ပစ်ရေး ဆိုင်းဘုတ်စိုက်ထူခြင်းနှင့် ပညာပေးသရုပ်ပြ စုပေါင်းလက်တွေ့ အမှိုက်ကောက်ခြင်းများ ပြုလုပ်သည်။



ထိုသို့ ဆောင်ရွက်ရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထွန်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးပြီး ရန်ကုန် -မန္တလေး ကားလမ်း၏ (၃၇၄/၀)မိုင်နှင့် (၃၇၆/၁)မိုင်တိုင်တို့တွင် "ရန်ကုန်-မန္တလေးကားလမ်းမကြီး သန့်ရှင်းသာယာ လှပစေရေးအတွက် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်း မပြုလုပ်ရန် မေတ္တာရပ်ခံအပ်ပါသည်" စာသားများပါသည့် ဗီနိုင်းဆိုင်းဘုတ်များ စိုက်ထူခဲ့ကြောင်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ ပြည်သူများ စုပေါင်းပြီး လမ်းဘေးဝဲ/ယာများတွင် အမှိုက်ကောက်ခြင်းများ ဆောင်ရွက်ပြီး အမှိုက်များကို စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်များဖြင့် စနစ်တကျသိမ်းဆည်းစွန့်ပစ်ခဲ့ကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**

## မင်းလှမြို့နယ်၌ အခြေခံပညာကျောင်းများမှ KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေး

**အထက်မင်းလှ ဇန်နဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ပညာရေးဌာနနှင့် ပူးပေါင်း၍ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ KG တန်း ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးခြင်းကို ဇန်နဝါရီ ၂၄ ရက်က မြောက်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း၊ ရုံးရပ်တောင်ပိုင်းရပ်ကွက်ရှိ အမက(၆)၊ မယ်ဇလီတောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစန်းစန်းမိုးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက်ပညာရေးမှူး ဦးဝင်းနိုင်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများက KGတန်းကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေးခြင်းတို့ကို ဆောင်ရွက်သည်။ **ဇာဇာ(အထက်မင်းလှ)**



လမ်းမီးများကို အလင်းရောင်ရှိသောအချိန်များ၌ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ အလင်းရောင်အားနည်းလာသည့်အချိန်တွင် လမ်းမီးများကို အလိုအလျောက် ဖွင့်စေပြီး အလင်းရောင်ပေါ်ထွက်လာပါက အလိုအလျောက်ပိတ်စေသည့်စနစ်ကို တပ်ဆင်ပါ။

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာအကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂၃ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ လေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၄၃၆၃၀၀၀) ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၁၆၁၇၁၄၀)ကိုလည်းကောင်း၊ ဇန်နဝါရီ ၂၆ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့်မော်တော်ယာဉ်တစ်စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၁၉၈၀၁၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ဇန်နဝါရီ ၂၄ ရက်တွင် နေပြည်တော်တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပျဉ်းမနားခရိုင်၊ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၆၇၂ တန်၊ သစ်မာ ၀ ဒသမ ၅၀၁ တန်၊ အခြားသစ်တန် ၈ ဒသမ ၂၈၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၅၁၉၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် ကျုံစုကျေးရွာ မွေးမြူရေးဇုန်ရှိ အမှတ်(၇၄/က)သိုလှောင်ရုံ၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခုနစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၀၇၈၄၆၆)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၀၇၈၄၆၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇန်နဝါရီ ၂၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၆ ဒသမ ၈၆၁)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၃၇၆၈၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ပြည်ခရိုင် ပြည်မြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၃၇၆၈၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂၃ ရက်၊ ၂၄ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၇ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၇၅၇၁၄၇၈) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများက ထုတ်လုပ်သည့် ကုန်ပစ္စည်းများဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှု မရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမို၍တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## မတ္တရာမြို့နယ် စကျင်ရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူ သုံးဦး ထိခိုက်ဒဏ်ရာရပြီး လူနေအိမ်တချို့ပျက်စီးခဲ့သည်ဟု မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စကျင်ရွာကို ဇန်နဝါရီ ၂၆ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူ သုံးဦး ထိခိုက်ဒဏ်ရာရပြီး လူနေအိမ် တချို့ပျက်စီးခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားဝါဒ ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများ၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းဒေသအတွင်း အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်မှု မရှိစေရေးနှင့် ပြည်သူ့ဘဝလုံခြုံရေးအတွက် လိုအပ်သည့်နယ်မြေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ကျေးရွာများအတွင်းသို့ အကြောင်းမဲ့ တစ်စုံတစ်ရာ ပစ်ခတ်ခဲ့မှုမရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ၎င်းတို့အပေါ် အားပေးထောက်ခံမှုမရှိသည့် ကျေးရွာများအား အကြောက်တရား လွှမ်းမိုးစေရန် ကျေးရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းများ လုပ်ဆောင်လျက်ရှိရာ လူနေအိမ်များ ပျက်စီးပြီး အပြစ်မဲ့အရပ်သားပြည်သူများ သေဆုံး၊ ထိခိုက်၊ ဒဏ်ရာရရှိမှုများ လည်းရှိကြောင်း၊ ထိုသို့ အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားလာစေရန် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်တွင် မဟုတ်မမှန်သတင်းများရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




သတင်းစဉ်

## အကျဉ်းထောင်အာဏာပိုင်များက လုံလောက်ကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးထားနိုင်ခြင်းမရှိကြောင်း မဟုတ်မမှန် လုပ်ကြံသတင်းရေးသားဖြန့်ဝေခဲ့

**နေပြည်တော် ဇန်နဝါရီ ၂၇**

မန္တလေးမြို့ အိုးဘိုအကျဉ်းထောင်တွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသော်လည်း အကျဉ်းထောင်အာဏာပိုင်များက လုံလောက်ကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးထားနိုင်ခြင်းမရှိဘဲ ထောင်အတွင်းကျွေးမွေးသည့် ပဲဟင်းနှင့် ထမင်းသည် ယခုနှစ် ဇန်နဝါရီလဒုတိယပတ်မှစ၍ မာသည့်အခါ မာ၊ ပျော့သည့်အခါ ပျော့နေသဖြင့် အစာအိမ်ရောဂါအခံရှိသူများ ဗိုက်အောင့်ဝေဒနာခံစားနေကြရပြီး ထမင်းစားရသည်မှာ အဆင်မပြေဖြစ်နေသည်ကို တင်ပြသော်လည်း အကျဉ်းထောင်ဘက်က တင်ပြပြောဆိုချက်များကို လက်မခံကြောင်း Khit Thit Media အမည်ခံ Facebook Page က မဟုတ်မမှန်လုပ်ကြံ သတင်းရေးသား ဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ မန္တလေးဗဟိုအကျဉ်းထောင်တွင် ယခုနှစ် ဇန်နဝါရီလအတွင်း ဝမ်းဗိုက်ရောဂါနှင့် ပတ်သက်၍ အကျဉ်းထောင်ဆေးရုံ ပြင်ပလူနာဌာနသို့ လာရောက်ပြသသူ အကျဉ်းသား သုံးဦး၊ အကျဉ်းသူ တစ်ဦးသာရှိပြီး မှတ်တမ်းများအရ ပြီးခဲ့သည့်လများက ဝမ်းဗိုက်ရောဂါနှင့် ဆေးရုံပြသသူ ပျမ်းမျှ ခုနစ်ဦးခန့်သာရှိကြောင်း၊ ဇန်နဝါရီ ၂၃ ရက်အထိ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ပတ်သက်၍ ဆေးဝါးကုသပေးရသည့် အကျဉ်းသား အကျဉ်းသူတစ်ဦးမျှ မရှိကြောင်း အကျဉ်းထောင်တာဝန်ရှိသူက ရှင်းလင်းပြောကြားသည်။

ထို့ပြင် မန္တလေးဗဟိုအကျဉ်းထောင်၌ ချက်ပြုတ်ပြီးသော ထမင်း၊ ဟင်းလျာများကို အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများထံသို့ မကျွေးမွေးမီ တာဝန်ရှိသူအဆင့်ဆင့်က စစ်ဆေးပြီး အိပ်ဆောင်များသို့ အဖုံးပါသော စတီးအိုးများဖြင့် ဖြန့်ဝေပေးကြောင်း၊ ထမင်းနှင့်ဟင်းများ သန့်ရှင်းလတ်ဆတ်မှုရှိစေရေး၊ ခြင်/ယင် ပိုးမွှားများ မနားစေရေးတို့ကို စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အကယ်၍ စားသောက်မှု အဆင်မပြေမှုရှိပါက သတင်းပို့ခွင့်ရှိပြီး သတင်းပို့လာပါကလည်း ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကာ ယနေ့အချိန်အထိ ကျွေးမွေးသော ထမင်းနှင့် ပဲဟင်းများ အဆင်မပြေမှုနှင့် ပတ်သက်၍ တင်ပြမှုမရှိသည့်အတွက် Khit Thit Media အမည်ခံ Facebook Page က ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာ ဖြစ်သည်။

သစ္စာ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက် ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အာဟာရ ဖွံ့ဖြိုးတိုးတက်စေရေး အစီအစဉ်ဖြင့် ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေး

**ရမည်းသင်း ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့၌ ကျောင်းနေအရွယ်ကလေးများ အာဟာရ ဖွံ့ဖြိုးတိုးတက်စေရေး အစီအစဉ်ဖြင့် KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဇန်နဝါရီ ၂၇ ရက်က မြို့မအခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

အဆိုပါကျောင်း၌ အာဟာရကျွေးမွေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမြင့်မြင့်မော်နှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ ဆရာ ဆရာမများက စနစ်တကျ ကျွေးမွေးလျက်ရှိရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်မြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ရွှေသိန်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ခရိုင်ကုသရေးဦးစီးဌာနမှူးတို့က ကြည့်ရှုအားပေးသည်။

ကျောင်းသား ကျောင်းသူများ အားလုံး ကျန်းမာသန်စွမ်းပြီး အာဟာရပြည့်ဝစေရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော အမူအကျင့်များ စွဲမြဲကျင့်သုံးတတ်စေရန်အတွက် ပညာရေးနှင့် ကျန်းမာရေးအပါအဝင် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရန်၊ မူလတန်းကျောင်းသား ကျောင်းသူများ၏ ကြီးထွားဖွံ့ဖြိုးကျန်းမာမှုနှင့် ပညာရေးတိုးတက်မှုများအတွက် ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်ပုံစံများ မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ကျောင်းတွင်း အာဟာရကျွေးမွေးခြင်း၊ သန်ချဆေးတိုက်ကျွေးခြင်း၊ အာဟာရမှုန့် ဖြည့်စွက်တိုက်ကျွေးခြင်း၊ အာဟာရအကြောင်း အသိပညာပေးခြင်း၊ အာဟာရပြည့်ဝမျှတသည့် အစားအစာများ ပြင်ဆင်ချက်ပြုတ်ပြသခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်စေရန် ကျောင်းမုန့်ဈေးတန်းများ စစ်ဆေးခြင်း၊ စနစ်တကျ လက်ဆေးခြင်းနှင့် နေ့လယ်စာ စားပြီး သွားတိုက်ခြင်းနှင့် ပတ်သက်၍ အသိပညာပေးခြင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**





## သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**ချောင်းဆုံ ဇန်နဝါရီ ၂၇**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ သဘာဝသစ်တောသစ်ပင်များ စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချနိုင်ရေး အသိပညာပေးဟောပြောပွဲကို မော်လမြိုင်(တွဲဖက်) ချောင်းဆုံမြို့နယ် သစ်တောဦးစီးဌာနမှ ဇန်နဝါရီ ၂၅ ရက်က ဒေါင်းရပ်အရှေ့ကျေးရွာဓမ္မာရုံ၌ ပြုလုပ်သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲကို ရပ်ကျေးအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူလူထုများ တက်ရောက်ကြပြီး မော်လမြိုင်(တွဲဖက်) မြို့နယ်သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးဟိန်းထွဋ်ဘုန်းက မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ၊ ရေသယံဇာတထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး သိကောင်းစရာများ အသိပညာပေး ဆွေးနွေးဟောပြောကာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးဖြေကြားကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မက်မန်းမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး မီးတားလမ်းများဆောင်ရွက်

**မက်မန်း ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ်၌ ပွင့်လင်းရာသီကာလသို့ ရောက်ရှိလာပြီဖြစ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးတားလမ်းပြုလုပ်ဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၂၅ ရက်က မက်မန်းမြို့အရှေ့ဘက် မြို့ပတ်လမ်းတစ်လျှောက်၌ ပြုလုပ်သည်။

ပူပြင်းခြောက်သွေ့သော နွေရာသီအချိန်ကာလ၌ မလိုလားအပ်သော မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် မက်မန်းမြို့အရှေ့ဘက် မြို့ပတ်လမ်း လမ်းဘေးဝဲ/ယာ တစ်လျှောက် သစ်ပင်ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်သရိုက်များ ရှင်းလင်းခြင်းများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းလင်းအောင်တို့က ဦးဆောင်ပြီး ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရှေ့တန်းတပ်ရင်းမှ တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနေပြည်သူ့စစ်အဖွဲ့ဝင်များ၊



မက်မန်းမြို့ပေါ်ရှိ ဒေသခံပြည်သူများ စုစုပေါင်း ၁၅၀ တို့က စုပေါင်း၍ မီးတားလမ်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အေဇက်ထွန်း(မက်မန်း)**

## ဟသ်ာတခရိုင်၌ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး Talk Show ကျင်းပ

**ဟသ်ာတ ဇန်နဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ “မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးနှင့် ကာကွယ်ထိန်းချုပ်ရေး”အတွက် ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး Talk Show ကို ယနေ့နံနက်ပိုင်းက အဆိုပါနေရာ၌ ကျင်းပသည်။

အဆိုပါ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး Talk Show တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သူဇာနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာဝင်းတို့က မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးနှင့် ကာကွယ်ထိန်းချုပ်ရေးအတွက် မီးခိုးမြူငွေ့ထဲတွင် ပါဝင်သော ဓာတ်ငွေ့များ၏ ဆိုးကျိုးများနှင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ၊ ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးပြဿနာများကိုလည်းကောင်း၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးနှင့် ကာကွယ်ထိန်းချုပ်ရေး အကြောင်းရင်းများကို အသိပညာပေး ဆွေးနွေးသည်။ **ခရိုင်(ပြန်/ဆက်)**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမှုမဲ့အောက်လျော့နည်းနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမဲ့ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၄ ရက်မှ ၇ ရက်ခန့်နှင့် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁ ရက်မှ ၃ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**ညအပူချိန်**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ဖေဖော်ဝါရီလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၈ ရက်မှ ၂၅ ရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၁၀ ရက်မှ ၁၇ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၂ ရက်မှ ၉ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်ပြီး သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟသ်ာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ပေခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်ပြီး မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ပေဝက်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုး/ဇလ**



## တိုက်ကြီးမြို့နယ် အင်းတရာကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့ အင်းတရာကျေးရွာရှိ ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အင်းတရာအထက် ဘုန်းတော်ကြီးကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ **(အပေါ်ပုံ)**

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၀၂ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## MNL အမှတ်ပေးပြိုင်ပွဲ နောက်ကျဂိုးဖြင့် ဒဂုံစတားအသင်း နိုင်ပွဲရရှိ

**ရန်ကုန် ဇန်နဝါရီ ၂၇**

၂၀၂၄–၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၇) စတုတ္ထနေ့ကို ဇန်နဝါရီ ၂၇ ရက်က သုဝဏ္ဏကွင်း၌ကျင်းပရာ ဒဂုံစတားယူနိုက်တက်အသင်းက သစ္စာအားမာန်အသင်းကို နှစ်ဂိုး – တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးပေါက် ပျောက်ခဲ့သော်လည်း ဒုတိယပိုင်းတွင် အပြန်အလှန်သွင်းဂိုးများဖြင့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ပြီး ဒဂုံစတားယူနိုက်တက်အသင်းက နောက်ကျဂိုးဖြင့် အနိုင်ရရှိသည်။ ဒဂုံစတားယူနိုက်တက်အသင်းသည် ယခုနိုင်ပွဲကြောင့် ထိပ်ဆုံးသုံးသင်း စာရင်းဝင်ရန် မျှော်လင့်ချက်ရှိနေဆဲဖြစ်သည်။

ဒဂုံစတား ယူနိုက်တက်အသင်းသည် လက်ရှိလက်ရွေးစင်များ၊ လက်ရွေးစင်ဟောင်းများဖြင့် လူစုံပါဝင်ခဲ့ပြီး သစ္စာအားမာန်အသင်းမှာမူ ရှိုင်းဝဏ္ဏအောင်၊ မင်းမော်ဦး၊ စောမျိုးဇော်၊ မြတ်ဘုန်းခန့်တို့ဖြင့် လူစုံခဲ့သည်။ နှစ်သင်းစလုံး ကစားအားကောင်းသည့်အသင်းများ ဖြစ်သောကြောင့် ပွဲစကတည်းက တိုက်စစ်အားပြုကစားခဲ့သော်လည်း ပထမပိုင်းတွင် ဂိုးမသွင်းနိုင်ဘဲ ၅၅ မိနစ်တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် စွမ်းထက်က ခေါင်းတိုက်ပြီး ဒဂုံစတားအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ မိနစ် ၈၀ တွင် စောမျိုးဇော်က သစ္စာအားမာန်အသင်းအတွက် ချေပဂိုးပြန်သွင်းသော်လည်း နှစ်မိနစ်အကြာတွင် ဆွမ်လမန်က ဒဂုံစတားအသင်းအတွက် အနိုင်ဂိုး ထပ်မံသွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဒဂုံစတားအသင်းမှ စွမ်းထက်က ရရှိသည်။ ယခုပွဲအပြီးတွင် ဒဂုံစတားယူနိုက်တက်အသင်းက ၁၇ ပွဲကစား ၃၆ မှတ်၊ သစ္စာအားမာန်အသင်းက ၁၇ ပွဲကစား ၁၄ မှတ် ရရှိထားသည်။

ပွဲစဉ် (၁၇) နောက်ဆုံးနေ့ကို ဇန်နဝါရီ ၂၈ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး Dagon Port အသင်းနှင့်ဟံသာဝတီယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ – MNL**



ဒဂုံစတားယူနိုက်တက်နှင့် သစ္စာအားမာန်အသင်း ယှဉ်ပြိုင်နေစဉ်။

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၂၇**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ် ဖြစ်ထွန်းမည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေကာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် –

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြုတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှ သေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲယမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

## ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ပွဲ



### ကုသိုလ်ပြုနိုင်ရေး နိုးဆော်လွှာ

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၂၀၂၄ ခုနှစ် စက်တင်ဘာလမှစ၍ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၅ ခုနှစ် မေလခန့်တွင် ဗုဒ္ဓဘိသေကအနေကဇာတင်မင်္ဂလာအခမ်းအနား ဆောင်ရွက်မည် ဖြစ်ပါသည်။ သဒ္ဓါကြည်လင်ပါရမီရှင်များမှ ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ပါရန်နှင့် ရွှေစင်ရွှေပြား (၁၀)လက်မပတ်လည် ရွှေ(၁)ကျပ်သား တစ်ချပ်လျှင် ကျပ်(၂၅)သိန်းဖြင့်လည်းကောင်း၊ ရွှေစင် ရွှေပြား(၁)ပေပတ်လည် ရွှေ(၆)ကျပ်သား တစ်ချပ်လျှင် ကျပ်(၁၅၀)သိန်းဖြင့်လည်းကောင်း လှူဒါန်းနိုင်ပါကြောင်း၊ ၂၀၂၅ ခုနှစ် မတ်လကုန်အတွင်း လှူဒါန်းသော ရွှေစင်ရွှေပြားများအား ယခု ဆောင်ရွက်နေသည့် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း အစီအစဉ်တွင် ထည့်သွင်းလှူဒါန်းမည် ဖြစ်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

ဖုန်း - ၀၁၈ - ၃၇၅၇၆၇၊ ၀၁၈ - ၃၈၃၅၁၂၊ ၀၁၈ - ၃၈၃၅၀၂



## ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)
## အကြိမ်(၄၀)မြောက်သက်ကြီးပူဇော်ကန်တော့ပွဲ

သက်ကြီးပူဇော်ပွဲကို အောက်ပါအစီအစဉ်တိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ရာသက်ပန်အသင်းဝင် အသက်(၇၅)နှစ်ပြည့်ပြီးသူများ တက်ရောက်နိုင်ကြောင်း လေးစားစွာဖိတ်ကြားအပ်ပါသည်-

| | | | |
|---|---|---|---|
| **ကျင်းပမည့်ရက်** | - | ၁၆-၂-၂၀၂၅ရက်၊ (တနင်္ဂနွေနေ့) | |
| **ကျင်းပမည့်အချိန်** | - | နံနက် (၉:၀၀)နာရီ | |
| **ကျင်းပမည့်နေရာ** | - | သီရိဇေယျာကျောင်း(ကိုရီးယားကျောင်း) အိမ်တော်ရာဝင်းမြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ် | |
| **ဆက်သွယ်ရန်** | | ဦးကြည်မြင့် | ဖုန်း-၀၉-၅၁၈၇၃၆၃ |
| | | ဦးသန်းလွင် | ဖုန်း-၀၉-၅၁၄၀၀၈၄ |
| | | ဦးကျော်ကျော်လွင် | ဖုန်း-၀၉-၇၈၇၈၇၈၅၅၂ |
| | | ဦးကြည်သွင်ဦး | ဖုန်း-၀၉-၅၀၂၄၂၂၈ |

အလုပ်အမှုဆောင်အဖွဲ့
ဒိုက်ဦးမြို့နယ်အသင်း၊ ရန်ကုန်


## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ရန်ကင်းလမ်း၊ တိုက်အမှတ်(၃၀၀)၊ အခန်းအမှတ်-ပဌမထပ်(၆လွှာ-A)(ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၁.၅ပေ× ၄၇ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်မင်းမင်း (၁၂/သဃက(နိုင်)၀၀၄၄၆၁)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၂)၊ ဦးဉာဏလမ်း၊ မြေကွက်အမှတ် (၁၁၁၀/ခ)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ ဒေါ်သီတာဝင်း (၆/ပလန (နိုင်) ၀၂၆၃၃၅) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဒေါ်သီတာဝင်း၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၆၄၉၁/၂၀၂၃)အရ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နွေးနွေးဇော်ဝင်း (၁၂/စခန (နိုင်) ၀၆၂၈၉၀) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ထားထားအေး (၅/ကလတ (နိုင်) ၀၅၃၁၇၃)က ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အုတ်ဖိုမြို့နယ်၊ မြို့မရပ်ကွက်၊ မြို့မ(၂)လမ်း၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁/အုတ်ဖိုအရှေ့ရပ်)၊ ဦးပိုင်အမှတ်-(၉၈)၊ မြေကွက်အမှတ်- (CD/11)၊ ဧရိယာ ၀ ဒသမ ၁၁၆ ဧကရှိ မြို့မြေ-RPNO-၁၃၄/၁၉၉၆ (၃-၆-၁၉၉၇) အရ တစ်နှစ်လျှင်မြေငှားခနှုန်း-(၁၁၅)ကျပ်ဖြင့် ၃-၆-၁၉၉၇ရက်မှ ၂-၆-၂၀၂၇ရက်ထိ ဦးထွန်းဖေအမည်ဖြင့် မြေငှားဂရန်ရရှိထားပြီး ဦးထွန်းဖေမှ ကွယ်လွန်သွားပါသဖြင့် ၎င်းမြေငှားဂရန်အား ဦးနေဝင်းမှ ကျမ်းကျိန်လွှာစာချုပ်ချုပ်ဆိုပြီး မြေငှားဂရန် အမည်ပြောင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ၅-၂-၂၀၂၅ရက်၌ဖြစ်စေ၊ ၎င်းရက်မတိုင်မီဖြစ်စေ ခိုင်လုံသော အကြောင်းပြချက်ရှိသည့် ကန့်ကွက်လွှာကို တင်သွင်းနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်အမည်ပြောင်း ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
အုတ်ဖိုမြို့

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုမြတ်မွန် ၁၄/ညတန(နိုင်)၂၁၆၆၆၉ သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၅၆ ရပ်ကွက်၊ မြရတနာလမ်း၊ အိမ်အမှတ်(၆၂)၊ ပေ(၃၀x၆၀) ဟုခေါ်တွင်သော မြေချပါမစ်တွင် ဦးထွန်းရွှေအမည်ပေါက်လျက် ယင်းကိုအရပ်ကတိစာချုပ်များဖြင့် အဆင့်ဆင့်ဝယ်ယူခဲ့သူ ဒေါ်တင်တင်အေးထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုမြတ်မွန်က ဝယ်ယူခဲ့ရာ အဆိုပါမြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ ဤသို့အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်ရက်မှစတင်၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်သူတစ်စုံတစ်ရာမျှမရှိပါက ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ကိစ္စအား ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်များအရ-** |
| **ဒေါ်စုမြတ်မွန်** | **ဦးစိုးဝင်းအောင်LL.B, C.B.L, D.B.L,WIPO (Switzerland)** |
| | တရားလွှတ်တော်ရှေ့နေ |
| | အမှတ်(၁၀၇၀)၊ကမ္ဘောဇ(၃)လမ်း၊ ၁၃၃ ရပ်ကွက်၊ |
| | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် |
| | ဖုန်း-၀၉-၄၃၁၂၁၀၆၈ |


## အားကစားမြှင့်တင်
## စိတ်လန်းရွှင်
## ဆန့်ကျင်မူးယစ်ဆေး


## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ပုဏ္ဏားစုရပ်ကွက်၊ ပုဏ္ဏားစုလမ်းမတန်း၊ ပုဏ္ဏားစု(၈လမ်းနှင့်၉လမ်းကြား)၊ အမှတ်(၉၂၃)ဟုခေါ်တွင်သော (၂၂ x ၄၀) ပေ အကျယ်အဝန်း ရှိခြံမြေကွက်နှင့် အဆိုပါခြံမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား လက်ရှိထားပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု တာဝန်ယူ အဆိုပြုသည့် (၁)ဦးသန်းကြွယ်(ဘ)ဦးထွန်းမြင့် ၇/သနပ(နိုင်) ၀၄၃၇၃၁နှင့် (၂) ဒေါ်ဝေဝေသက်(ဘ)ဦးသန်းကြွယ် ၇/သနပ(နိုင်) ၀၆၁၈၃၉တို့ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်သူဇာသိမ့်(ဘ) ဦးကြည်လွင် ၇/ပခန(နိုင်)၇/၃၃၇၉၈၄က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် လက်ရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးဇေယျာဘုန်းမောင်(LL.B) | ဒေါ်လှမြတ်သူ(LL.B,D.B.L,D.I.L) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၁၁၄၆၀/၁၀-၁၁-၂၀၁၆) | (စဉ်-၁၄၉၇၃/၁၃-၁၁-၂၀၁၈) |
| ဖုန်း-၀၉-၄၂၈၁၂၃၉၄၄ | ဖုန်း-၀၉-၄၄၉၀၀၃၅၄၅ |

အမှတ်-၄၃၃၊ မော်ကန်(၁၉)လမ်း၊ ပုဏ္ဏားစုရပ်ကွက်၊ ပဲခူးမြို့

## ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၁)ရပ်ကွက်၊ အနော်ရထာလမ်းနှင့် ဆူးလေဘုရားလမ်းထောင့်၊ Naing Group Sule Tower (2)အဆောက်အအုံ၏ ပထမထပ်၊ (အနော်ရထာလမ်းဘက်မျက်နှာစာ)၊ အခန်းအမှတ်-၃၈၊ အလျား ၁၃ ½ ပေX အနံ-၄၃ပေ အကျယ်ရှိ တိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင် လက်ရှိပိုင်ဆိုင်သူများဖြစ်ကြသည့် ဦးမျိုးသန့်ဦး ၁၂/မရက(နိုင်)၀၇၁၁၈၄၊ ဦးမျိုးသန့်လွင် ၁၂/ကတတ(နိုင်)၀၀၄၃၇၅၊ ဦးမျိုးသန့်စဉ် ၁၂/ကတတ(နိုင်)၀၀၄၃၇၃ ၊ ဒေါ်စန္ဒာမျိုးသန့် ၁၂/ကတတ(နိုင်)၀၀၀၅၃၁တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကိုပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့်ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍(၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်စောဦး(တရားလွှတ်တော်ရှေ့နေ) စဉ်- ၆၇၀၂

တိုက်အမှတ်၂၁၄၊ Min Ye Kyaw Swar Residence, အခန်း၂၀၂၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။


## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူ လုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့


## ပတ်စ်ပို့ပျောက်

ဟင်္သာတမြို့၊ ရွားခဲအုပ်စု၊ မဲဇလီကွင်းရွာနေ ဦးလှစိုး ၏သား မောင်ဝင်းဗိုလ် ၁၄/ဟသတ(နိုင်)၃၀၇၆၃၈ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၆၉၉ ၈၆၂ ၉၉၈


## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## စားသုံးသူရေးရာဦးစီးဌာန
## ကြော်ငြာစာအမှတ်၊ ၁ /၂၀၂၅
## လျှောက်လွှာခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊စားသုံးသူရေးရာဦးစီးဌာနတွင်လစ်လပ်လျက် ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူး(၁၀၉) နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်–

(က) အငယ်တန်းစာရေး(လစာနှုန်းကျပ် ၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀) (၁၀၀)နေရာ

( ခ ) ရုံးအကူ(လစာနှုန်းကျပ် ၁၄၄၀၀၀–၂၀၀၀–၁၅၄၀၀၀) (၉)နေရာ

၂။ လျှောက်ထားသူသည် –

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) အငယ်တန်းစာရေးရာထူးအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။

( ဂ ) ရုံးအကူရာထူးနေရာအတွက် အနည်းဆုံး အခြေခံပညာမူလတန်းအဆင့်ရှိသူ ဖြစ်ရမည်။

(ဃ) ၂၈.၂.၂၀၂၅ ရက်နေ့တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ၏ခွင့်ပြုစာကို ပူးတွဲတင်ပြရမည်။

( င ) ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

( စ ) ပါတီနိုင်ငံရေးကင်းရှင်းသူ၊ ပြစ်မှုကျူးလွန်ခဲ့ခြင်း မရှိသူဖြစ်ရမည်။

(ဆ) ဌာနဆိုင်ရာ တစ်ခုခုတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်းခံရသူ မဖြစ်စေရ။

( ဇ ) ဌာနတွင် အနည်းဆုံးတစ်ဆက်တည်း(၃)နှစ် ပြည့်သည်အထိ တာဝန်ထမ်းဆောင်မည် ဖြစ်ကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးရမည်။

( ဈ ) ခိုင်လုံသောအကြောင်းပြချက်တစ်စုံတစ်ရာမရှိဘဲ(၃)နှစ်ပြည့်သည်အထိ တစ်ဆက်တည်း တာဝန်ထမ်းဆောင်ရန်ပျက်ကွက်ပါက လျော်ကြေးငွေကျပ်(၁၀)သိန်း (ကျပ်တစ်ဆယ်သိန်းတိတိ) ကို တစ်လုံးတစ်ခဲတည်း ပေးလျော်ရမည်။

၃။ လျှောက်လွှာတွင်–

(က) လျှောက်ထားသူ၏ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်။

( ခ ) မွေးသက္ကရာဇ်။

( ဂ ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ။

(ဃ) အိမ်ထောင် ရှိ/မရှိ။

( င ) နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးခြင်း ရှိ/ မရှိ (ရှိပါက ရာထူး/ဌာနနှင့် အကျိုးအကြောင်းဖော်ပြရန်)

( စ ) ပညာအရည်အချင်း၊အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့် ကျောင်း/တက္ကသိုလ်။

(ဆ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်။

(ဇ) ဆက်သွယ်ရန်လိပ်စာ၊အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်–

(က) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၂) ပုံ။

( ခ ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ။ (မိတ္တူမှန်ဖြစ် ကြောင်း လက်မှတ်ရေးထိုးရန်)

( ဂ ) အလုပ်သမားမှတ်ပုံတင်မိတ္တူ။

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။

( င ) အမှန်တကယ်နေထိုင်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း (လွန်ခဲ့သော(၁) လအတွင်း)။

(စ) သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့ သို့မဟုတ် ရဲစခန်းမှပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက် မူရင်း (လွန်ခဲ့သော(၁)လအတွင်း)။

(ဆ) ကျန်းမာကြောင်း ဆေးထောက်ခံချက်မူရင်း (လွန်ခဲ့သော(၁) လအတွင်း)။

( ဇ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းပြန်တမ်းဝင်အရာရှိတစ်ဦးဦး၏ထောက်ခံချက်မူရင်း။

၅။ လျှောက်လွှာကို စားသုံးသူရေးရာဦးစီးဌာန၊ ရုံးချုပ်(နေပြည်တော်) နှင့်တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးများသို့ **၁၁–၂–၂၀၂၅** ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာ ပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသောလျှောက်လွှာများ၊အချက်အလက်မပြည့်စုံသော လျှောက်လွှာ များနှင့် အသက်ကန့်သတ်ချက်ကျော်လွန်သူများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ အငယ်တန်းစာရေးရာထူးနေရာလျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ၊ ရေးဖြေစာမေးပွဲနှင့် ကွန်ပျူတာ (လက်တွေ့) စာမေးပွဲဖြေဆိုရမည်ဖြစ်ပါသည်။ ရုံးအကူ ရာထူး နေရာအတွက် ရေးဖြေစာမေးပွဲနှင့်လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုရမည် ဖြစ်ပါသည်။

၇။ ရေးဖြေစာမေးပွဲနှင့် ကွန်ပျူတာ(လက်တွေ့)စာမေးပွဲကို **၁၅–၂–၂၀၂၅** ရက်နေ့ နံနက်(၁၀:၀၀) နာရီအချိန်တွင် စစ်ဆေးမည်ဖြစ်ပါသည်။

၈။ လူတွေ့စစ်ဆေးခြင်းကို **၁၆–၂–၂၀၂၅** ရက်နေ့ နံနက်(၁၀:၀၀)နာရီအချိန်တွင် စစ်ဆေးမည်ဖြစ်ပါသည်။

၉။ ပဏာမရွေးချယ်ခံရသူများကို ဌာနမှ ဆက်သွယ်အကြောင်းကြားပါမည်။

၁၀။ စာမေးပွဲဖြေဆိုခွင့် ခုံနံပါတ်များကို စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ်(၅၂)၊နေပြည်တော်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီးဦးစီးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းတွင် ထုတ်ပြန်ကြေငြာထားမည်ဖြစ်ပါသည်။

၁၁။ အသေးစိတ် သိရှိလိုပါက စားသုံးသူရေးရာဦးစီးဌာန၊ ရုံးချုပ်(နေပြည်တော်)ဖုန်းနံပါတ် ၀၆၇–၃၄၃၀၁၂၅ နှင့် ၀၆၇–၃၄၃၀၁၅၆ သို့ ဖြစ်စေ၊ လျှောက်လွှာတင်သွင်းသည့် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးဖုန်းနံပါတ်များသို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**စားသုံးသူရေးရာဦးစီးဌာန**

## ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့် နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေပုဒ်မ-၁၁၅)
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## ၂၀၂၄ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်- ၉၃၈

ဒေါ်သက်ဖူးငုံ(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်ဖြူဖြူဝင်း) နှင့် ဒေါ်မေသဲအောင် ပါ၂

လျှောက်ထားသူ လျှောက်ထားခံရသူများ

ရှမ်းပြည်နယ်တရားလွှတ်တော်၊ တရားမပြင်ဆင်မှုအမှတ် ၁၁၁/၂၀၂၄ ၏ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၂၄ရက်စွဲပါ အမိန့်အပေါ် ပြင်ဆင်မှုလျှောက်လွှာနှင့်ပတ်သက်၍ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ နယ်မြေ(၄)တံခွန်လမ်း၊ အမှတ်(၄/၉၇)(ယခင်လိပ်စာ၊ ယခုလိပ်စာမသိ) နေ အမှတ်(၂)လျှောက်ထားခံရသူ ဒေါ်နန်းမြင့်(ခ) နန်းလေးငယ် သိစေရမည်။

ဤအမှုတွင် ရှမ်းပြည်နယ် တရားလွှတ်တော်၏ အမိန့်အပေါ် ပြင်ဆင်မှုလျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဒေါ်မေဘယ်လ်စံက တင်သွင်း၍ ဤ ရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ရက်နေ့ နံနက် ၁၀နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက် မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးသက်မော်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## ဇနီးမောင်နှံအမည်မှန်

ပူတာအိုမြို့၊ မူလာရှီးဒီးရပ်ကွက်နေ ဦးမဖန်းအောင်ရမ်၏ အမည်မှန်မှာ ဦးအောင်ရမ် ၁/ပတအ(နိုင်)၀၄၀၂၄၁ဖြစ်ပြီး ဒေါ်မေရီဆိုင်း၏ အမည်မှန်မှာ ဒေါ်မရန်ဒုံမေရီဆိုင်း ၁/ပတအ(နိုင်)၀၄၇၆၅၇ ဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် နှမ်းကန်ကျေးရွာနေ ဦးကျော်ခင်၏သမီး မတင်တင်ဌေး(ခ)မတင်တင်ထွေး ၉/သစန(နိုင်)၁၇၇၈၀၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အများသိသာစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ မြေဖြူရပ်ကွက်နေ ဦးထွန်းရီနှင့် ဒေါ်နန်းအုပ်ခမ်းတို့သည် ၂၀၂၄ခုနှစ်၊ (၆)လပိုင်းတွင် လက်ထပ်စာချုပ်ချုပ်ဆိုပြီး လင်မယားဖြစ်ကြသော်လည်း အတူနေထိုင်ခြင်းမရှိဘဲ သီးခြားစီ နေထိုင်ကြပါသည်။ ယခုအခါတွင် ဦးထွန်းရီက အတူနေထိုင်ခြင်းမရှိသည့် ဒေါ် နန်းအုပ်ခမ်းအား မယားအဖြစ်မှ စွန့်လွှတ်ပြီး လင်မယားကွာရှင်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးအောင်ကျော်ဝင်း(LL.B)** | **ဦးခွန်ထူးကျော်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၉၈၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၄၈၀)** |
| **မ/၂၅၀၊ ဂင်္ဂါလမ်း၊ စောစီရပ်** | **နန်းဟောင်းအုပ်စု၊ ကောင်ခါး** |
| **ကျောင်းကြီးစုရပ်ကွက်၊တောင်ကြီးမြို့** | **(တောင်ကြား)ရွာ၊ တောင်ကြီးမြို့နယ်၊** |
| **ဖုန်း–၀၉–၂၅၂၃၅၃၂၁၃** | **ဖုန်း–၀၉–၄၂၁၂၄၅၄၄၉** |

## ဒေါ်ဖြူဖြူဝင်း (ဘ) ဦးသိန်းအောင် (၁၃/တကန(နိုင်)၁၃၀၈၄၄)နှင့် အများပြည်သူသိစေရန် အသိပေးကြေညာခြင်း

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့၊ မြို့ဦးကွက်သစ်နေ ဦးမောင်တင်(ဘ)ဦးပြား ၁၃/တကန(နိုင်)၀၀၄၇၆၈၏ သား/သမီးများဖြစ်သော(၁)ဒေါ်စန်းစန်းညွန့် ၁၃/ဟပန(နိုင်) ၀၅၁၅၄၀၊ (၂) ဦးနိုင်အောင် ၁၃/ဟပန(နိုင်)၀၃၁၉၆၉ (၃) ဒေါ်ဖြိုးဖြိုးအောင် ၁၃/ဟပန(နိုင်)၀၄၄၇၀၉နှင့် (၄)ဒေါ်စန်းစန်းညွန့်(ခ) ဒေါ်တိုးတိုး ၁၃/တကန(နိုင်)၃၃၈၆၉၅တို့က အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ကျွန်တော်/ကျွန်မတို့၏ ဖခင်ဖြစ်သူ ဦးမောင်တင်သည် ဒေါ်ပတ်မား(UM–026540)ထံမှ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ(၁၀)၊ မြတ်လေးလမ်းသွယ်၊ အိမ်အမှတ်(ရပ/၂၇၁) ဟု အမည်တွင်သည့် တည်ရှိရာ ကွင်း/အကွက်အမှတ်နှင့်အမည်(၄၆/ပင်စင်ရွာ)၊ ဦးပိုင်အမှတ် (၂၄၅/၂၇၄)၊ မြေကွက်အမှတ်(၅၅/၂၄၆)၊ ဧရိယာ(၀.၀၆၉)ဧကရှိ မြေကွက်ဥပစာနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို (၂၄–၃–၁၉၉၆)ရက်စွဲပါ "မြေကွက်အရောင်းအဝယ်စာချုပ်"တစ်ရပ်ဖြင့် အပြီးအပိုင်ဝယ်ယူကာ လက်ဝယ်ထားစီမံခန့်ခွဲလျက်ရှိပါသည်။ ထိုသို့ဝယ်ယူပိုင်ဆိုင်သည့် အချိန်မှစပြီး ဖခင်ဖြစ်သူ ဦးမောင်တင် သက်ရှိထင်ရှားရှိစဉ် ကာလတစ်လျှောက်လုံး၌ မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်းများကို ပြုလုပ်ခဲ့ခြင်း အလျဉ်းမရှိပါ။

သို့ဖြစ်ပါ၍ 'ကျွန်တော်/ကျွန်မတို့၏ ဖခင်ဖြစ်သူ ဦးမောင်တင်သည် (၁၀–၁၂–၂၀၂၄)ရက်တွင် ကွယ်လွန်သွားခဲ့သဖြင့် ဖခင် ဦးမောင်တင် ဝယ်ယူပိုင်ဆိုင်ခဲ့သည့် အထက်ပါမြေကွက်ဥပစာကို ဦးမောင်တင်၏ အမွေစား/အမွေခံ သား/သမီးများဖြစ်သော (၁) ဒေါ်စန်းစန်းညွန့် ၁၃/ဟပန(နိုင်)၀၅၁၅၄၀၊ (၂) ဦးနိုင်အောင် ၁၃/ဟပန(နိုင်)၀၃၁၉၆၉ (၃)ဒေါ်ဖြိုးဖြိုးအောင်(၁၃/ဟပန(နိုင်)၀၄၄၇၀၉နှင့် (၄)ဒေါ်စန်းစန်းညွန့်(ခ)ဒေါ်တိုးတိုး ၁၃/တကန(နိုင်)၃၃၈၆၉၅တို့၏ သဘောတူညီမှုတစ်စုံ တစ်ရာမရှိဘဲ အထက်ပါမြေကွက်ဥပစာကို မည်သူတစ်ဦးတစ်ယောက်ကမျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်းလုံးဝ(လုံးဝ)မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း၊ ဒေါ်ဖြူဖြူဝင်းနှင့် အများပြည်သူသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **(၁) ဒေါ်စန်းစန်းညွန့်** | **(၂) ဦးနိုင်အောင်** |
| **(၃)ဒေါ်ဖြိုးဖြိုးအောင်** | **(၄) ဒေါ်စန်းစန်းညွန့်(ခ)ဒေါ်တိုးတိုး** |



*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်နှင့်လည်း ကံစမ်းလို့ရနေပြီနော်...

## အများသိစေရန် ကြေညာခြင်း

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ ကမ္ဘောဇရိပ်သာလမ်း၊ နယ်မြေ (၂)နေ ဦးစိုင်းကျော်ညွန့် ၁၃/လလန(နိုင်)၀၇၈၇၀၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ ဦးစိုင်းကျော်ညွန့်မှ(၂၉–၇–၂၀၂၃)ရက်၌ ဦးဝေလင်းလှိုင်ထံမှ တောင်ကြီးမြို့၊ ရေဖြူကျေးရွာ၊ ခေမာရာမလမ်းရှိ မြေကွက်အမှတ်(၂၈)အား အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ဝယ်ယူလက်ဝယ်ရရှိထားပါသည်။ အဆိုပါခြံမြေကွက်အား ပြန်လည်ရောင်းချမည်ဖြစ်၍ အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများပါက ခိုင်လုံသည့် စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အားဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ငြိမ်းငြိမ်းအိကျော်(တရားလွှတ်တော်ရှေ့နေ(စဉ်–၉၄၆၄)**
**ဒေါ်ဇင်နွယ်ဝင်းပြည့်(တရားလွှတ်တော်ရှေ့နေ) (စဉ်–၁၆၉၂၈)**
**ဦးစိုင်းအောင်သိန်းခိုင် (အထက်တန်းရှေ့နေ) (စဉ်–၅၆၁၇၈)**
**အမှတ်(၃၃၃)၊ မြသပိတ်လမ်း၊ နယ်မြေ(၇)၊ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့၊ ဖုန်း–၀၉–၄၂၈၃၅၈၃၄၃**

## ဖခင်အမည်မှန်

အုတ်ဖိုမြို့နယ်၊ အထကဂုံညင်းတန်း Grade–8 မှ မောင်သက်ဆွေလင်း ၏ ဖခင်အမည်မှန်မှာ ဦးမြင့်ရွှေ ၇/အဖန(နိုင်) ၀၃၈၀၂၇ ဖြစ်ပါကြောင်း။

**ဦးမြင့်ရွှေ**

## နိုင်ငံသားစိစစ်ရေး ကတ်အမှတ်အမှန်

မန္တလေးတိုင်းဒေသကြီး သာစည်မြို့၊ အမှတ်(၄)ထိန်ကန်ရပ်နေ ဦးစိုးလွင်၏ (သား) ဦးအာကာစိုး၏ နိုင်ငံသားစိစစ်ရေးကတ်အမှတ်အမှန်မှာ ၉/သစန(နိုင်)၂၃၇၁၃၂ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၅၅၈၇၇ ယာဉ်လက်ဝယ်ရှိသူ ဦးတင်ခိုင် ၁၀/မဒန(နိုင်)၁၃၂၆၈၃က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## နှစ်ဦးသဘောတူ အကြင်လင်မယား အဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း ကြေညာခြင်း

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ချိကယ်ကျေးရွာ၊ ထေးသမရပ်ကွက်နေ ဒေါ်ငြိမ်းငြိမ်းဦး (ဘ)ဦးကျော်စိုး ၂/လကန(နိုင်) ၀၆၈၅၅၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ငြိမ်းငြိမ်းဦး (ဘ)ဦးကျော်စိုး ၂/လကန(နိုင်)၀၆၈၅၅၂နှင့် ဦးသက်ဇော်(ဘ)ဦးမောင်ကာ ၁၃/ဖခန(နိုင်)၀၄၀၈၆၆တို့သည် အကြင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သဖြင့် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ဖြင့် ၂၃–၁–၂၀၂၅ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နောက်နောင်တွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ငြိမ်းငြိမ်းဦးနှင့် ဦးသက်ဇော်တို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ငြိမ်းငြိမ်းဦး၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိုးမိုးသက်အောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ် – ၁၄၇၉၀)**
**အမှတ် ၃၆၀၊ ရတနာလမ်း၊ နယ်မြေ(၁၂)၊ ကျောင်းကြီးစုရပ်ကွက်၊**
**တောင်ကြီးမြို့ ၊ ဖုန်း–၀၉–၄၂၈၀၀၄၅၆၈**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧယျာဝတီတိုင်း၊ ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းအုပ်စု၊ ရေဆင်းကျေးရွာနေ(ဘ)ဦးအောင်လွင် ၉/ပမန(နိုင်)၀၇၁၄၅၇ (မိ)ဒေါ်စန်းမြင့် ၉/ပမန(နိုင်) ၀၇၂၂၈၀၀တို့၏သားဖြစ်သူ မောင်ထက်ရှား ၉/ဇယသ(နိုင်)၀၀၆၆၀၂သည် မိဘဆွေမျိုးတို့၏ဆိုဆုံးမစကားကို နာခံခြင်းမရှိဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုမူနေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်လွင်–ဒေါ်စန်းမြင့်**

## အများသိစေရန် ကြေညာခြင်း

မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ အောက်လမ်းမကြီး၊ အိမ်အမှတ်(၆/၆)နေ (ဦးတင့်လွင်)၏ဇနီး ဒေါ်ဌေးကျင် ၁၀/မလမ(နိုင်)၁၅၁၆၈၃၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ အုပ်စုအမှတ်(၁၁)၊ အကွက်အမှတ်(၈၉)၊ ဦးပိုင်အမှတ်(၂၅/ဃ)၊ ဧရိယာ(၀ဒသမ၂၉၈)ဧကရှိ ခင်ပွန်းဖြစ်သူ (ဦးတင့်လွင်)အမည်ပေါက် ဘိုးဘွားပိုင် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံများမှာ(ဦးတင့်လွင်) ကမှတ်ပုံတင်စာချုပ် ချုပ်ဆိုဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုလက်ရှိတွင် (ဦးတင့်လွင်)၏ဇနီးဖြစ်သူ ဒေါ်ဌေးကျင် တစ်ဦးတည်းကသာ အမွေဆက်ခံပိုင်ဆိုင်ပြီး၊ ဒေါ်ဌေးကျင်၏သဘောတူခွင့်ပြုချက် မရရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ၎င်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံများအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ နှောင့်ယှက်ခြင်း၊ ဒေါ်ဌေးကျင်အား ကိုယ်စိတ်နှစ်ပါး စိတ်မချမ်းမြေ့စေရန် တစ်နည်းနည်းအားဖြင့် ထိပါးနှောင့်ယှက်ခြင်းများ မပြုလုပ်ကြရန်နှင့် ပြုလုပ်လာခဲ့ပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခိုင်ခိုင်မြတ်(LL.B,LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၅၀၀)**
**အမှတ်(၆၈၀)၊ အောက်လမ်းမကြီး၊ မောင်ငံရပ်ကွက်၊ မော်လမြိုင်မြို့၊**
**ဖုန်း–၀၉– ၅၃၂၂၇၇၁**

**စာအုပ်**
**စာပေ**
**လူ့မိတ်ဆွေ**




## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)
## ကမာရွတ်ခရိုင်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမအထွေထွေမှု အမှတ် - ၃

**ကွယ်လွန်သူ မဂျစ်ခန်း (Majid Khan ) ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဖိုးစိန်လမ်း၊ အမှတ်(၃၁)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ မဂျစ်ခန်း (Majid Khan)၏ ကျန်ရစ်သောပစ္စည်း အပေါ်၌အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့် အကြောင်းနှင့် ဒေါ်သန်းသန်းအေးက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ရက် (၁၃၈၆ခုနှစ်၊ တပို့တွဲလဆုတ် ၅ရက်)တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ မဂျစ်ခန်း (Majid Khan)၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ရက်(၁၃၈၆ခုနှစ်၊ တပို့တွဲလဆုတ် ၅ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက် ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကလျှောက်ထားသူ ဒေါ်သန်းသန်းအေး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည် ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်မင်းထွဋ်)**
**ခရိုင်တရားသူကြီး**
**ကမာရွတ်ခရိုင်တရားရုံး**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန၊ သန်လျင်ခရိုင်
## (၃/၂၀၂၄-၂၅) အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ သန်လျင်ခရိုင်မြို့နယ်များမှ (၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာပစ္စည်းအား အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| (က) | **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** | - | (၃၁-၁-၂၀၂၅)ရက် (သောကြာနေ့) |
| (ခ) | **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** | - | (၇-၂-၂၀၂၅)ရက် (သောကြာနေ့) |
| (ဂ) | **တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** | - | ညနေ(၄:၀၀)နာရီ |
| (ဃ) | **အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်ရက်** | - | (၁၀-၂-၂၀၂၅)ရက် (တနင်္လာနေ့) (င) |
| | **အိတ်ဖွင့်တင်ဒါစိစစ်** | - | (၁၀:၀၀)နာရီ |
| | **ရွေးချယ်မည့်အချိန်/နေရာ** | | သန်လျင်ခရိုင်ရုံး၊ လမ်းဦးစီးဌာန၊ သန်လျင်မြို့ |

ဖုန်း-၀၅၆-၂၁၀၅၆၊ ၀၉-၄၅၀၀၂၄၅၇၁

၂။ တင်ဒါစည်းကမ်းချက်နှင့် လျှောက်လွှာပုံစံများကို လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ သန်လျင်ခရိုင်၊ သန်လျင်မြို့တွင် (၂၈-၁-၂၀၂၅)ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးအဖွဲ့**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ထက်နိုင်ထွန်း ၁၄/မအပ(နိုင်)၃၅၀၁၄၈၏ နိုင်ငံကူးလက်မှတ်အမှတ် MG-593896သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၁၃၄၈၃၂**

## ဖခင်အမည်မှန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အထက(၁၄) ရွှေကြာပင် Grade- 10မှ မပြည့်ဖြိုးခိုင်၏ ဖခင်အမည်မှန်မှာ ဦးမောင်စိုး ၉/ပမန(နိုင်) ၁၈၉၅၉၀ ဖြစ်ပါကြောင်း။

**ဦးမောင်စိုး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/7122 ယာဉ်လက်ဝယ်ရှိသူ ဦးသက်နိုင် ၇/ကဝန(နိုင်)၀၆၅၅၆၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9C/8337, ISUZU Bighorn UB ယာဉ်လက်ဝယ်ရှိသူ ဦးဓမ္မာစာရ ၉/ကလတ(ခ) ၀၀၀၀၈၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(စစ်ကိုင်း)**

## တစ်ဦးတည်းဖြစ်ကြောင်း

ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ်၊ စပါယ်နံ့သာ- အထက(ခွဲ)မှ အလယ်တန်းပြ ဒေါ်သိန်းချိုသည် ဒေါ်ရင်စိန်ဟူ၍ အမည်ကွဲလွဲနေသော်လည်း ဒေါ်သိန်းချို (ခ) ဒေါ်ရင်စိန်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်သိန်းချို(ခ)ဒေါ်ရင်စိန်**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းထွေးအောင် ၁၂/တမန(နိုင်)၀၉၂၄၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေး(မြောက်)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်(၅၂၉)ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ x ၆၀)ပေရှိသော ဒေါ်မြင့်မြင့်စိန် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်အမျိုးအစားမြေကွက်ကို တရားဝင်ရောင်းချခွင့်ရှိသူ ဒေါ်မြင့်မြင့်စိန်(ပီပီအင်န်-၀၆၇၈၃၇)ထံမှ (၁၂-၁၀-၁၉၉၃)ရက်တွင် ၎င်း၏အမည်ပေါက် ဂရန်မူရင်းနှင့်အတူ ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်ခဲ့သူဖြစ်ပါသည်။ ယခုအခါ အဆိုပါမြေကွက်၏ နှစ်(၆၀)မြေငှားဂရန်မူရင်းသည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကောက်ရထားသူများရှိပါက (၁၄) ရက်အတွင်း ပြန်လည်အပ်နှံပေးပါရန်နှင့် ထိုကဲ့သို့ ပြန်လည်အပ်နှံပေးပါက ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

အကယ်၍ သတ်မှတ်ရက်အတွင်း မြေငှားဂရန်မူရင်းအား လက်ရောက်အပ်နှံမည့်သူမရှိပါက ဥပဒေနှင့်အညီ မြေငှားဂရန်သစ်လျှောက်ထားခြင်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါကလည်း စာရွက်စာတမ်းမူရင်းများနှင့်အတူ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သင်းသင်းထွေးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုဝင်းမာ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၀၉)**
**အမှတ်(၆၈)၊ မကွေးလမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၀၉၃၃၅၇**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/5343 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ နန္ဒဝန်လမ်း၊ တိုက်အမှတ်(၁၀၃)၊ (၃)လွှာ(ခြေရင်းခန်း)၊ အခန်းအမှတ်(B-3)၊ ရေမီးစုံတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်၍ လက်ရောက်ရယူထားသော ဦးဇော်မင်း ၁၂/ဗတထ(နိုင်)၀၁၉၀၄၉နှင့်ဒေါ် တင်မျိုးဟန် ၁၂/သဃက(နိုင်)၀၄၈၀၉၆တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ခင်စန်း ၇/လပတ(နိုင်)၀၃၅၈၀၃ က ဝယ်ယူရန် ရောင်းဖိုးစရန်ငွေ အချို့ကိုပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ် စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ခဲ့ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝတ်မှုန်ဖူး(LL.B,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၅၃၂၂)**
**အမှတ်(၈၀)၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉- ၄၄၃၀၀၆၄၂၈**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ထန်းတပင်ကျေးရွာအုပ်စု၊ ထန်းတပင်ကျေးရွာနေ (ဘ)ဦးဗိုလ်ပု၏သား မောင်နိုင်လင်း ၈/မသန(နိုင်)၁၀၈၅၂၂၏ နိုင်ငံကူး လက်မှတ်အမှတ် MD-564483မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၅၁၃၅၂၉၁၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/28486 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မျိုးခိုင် ၇/ထတပ(နိုင်)၀၀၁၇၁၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

## အလိမ္မာ စာမှာရှိ

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဦးဖိုးထွန်းလမ်း၊ အမှတ် ၅၃(ခ)၊ [အမှတ်၅၃(က)မြေကွက်၏ အနောက်ခြမ်း]၊ အကျယ် ၁၀ပေရှိ ကိုယ်ပိုင်လမ်းအပါအဝင် အလျား ၅၄ပေ၊ အနံ ၅၆ပေ၊ ထိပ်ကျဉ်း ၃၂ပေ ရှိ သောမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နော်ဗန်လီဇာအောင် ၄/ကပလ(နိုင်)၀၀၉၆၈၃ထံမှ ကျွန်မ ဒေါ်နှင်းနှင်းရီ ၁၂/ကကက(နိုင်)၀၀၁၂၃၅မှ အပြီး အပိုင်ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်မထံသို့ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းနှင်းရီ**
**အမှတ်(၁၈၅)၊ မင်းကွန်းကျောင်းလမ်း၊ ဘိုကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ဖုန်း -၀၉-၄၂၀၈၂၆၆၆၈**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းကျေးရွာအုပ်စု၊ ပေတရာပိုင်း၊ ပြည်လမ်း၊ အမှတ်(၃)နေ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးသစ်လွင် (၁၂/မဘန(နိုင်)၁၀၉၇၈၄)နှင့် ဒေါ်သီတာစိုး (၁၂/မဘန(နိုင်)၀၂၁၀၃၈) တို့၏ သမီးဖြစ်သူ မအေးချမ်းစိုး (၁၂/မဘန(နိုင်)၁၁၆၆၂၈) သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုစကားများကို မနာခံဘဲ ခွင့်မလွှတ်နိုင်သောအပြုအမူများဖြင့် ပြန်လည်ပြောဆိုလာပြီး ၎င်း၏စိတ်ဆန္ဒအတိုင်း နေအိမ်မှထွက်သွားပါသဖြင့် ယနေ့မှစ၍ ရာသက်ပန်သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မင်းထိုက် (တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၀၇၃၁)**
**အမှတ်(၁၂၉/ဂ)၊ ဘီ-၇လမ်း၊ မြိုင်သာယာစံပြရပ်ကွက်၊ မှော်ဘီမြို့။**
**(ph; -၀၉-၆၅၂၂၃၇၉၆၃ )**

## အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၄/တောင်)ရပ်ကွက်၊ မြို့မ(၈)လမ်း၊ အမှတ်၃၉၀(ခ)/၃၉၁(က)၊ (၆လွှာ)အခန်းနေ ဦးမျိုးအောင်နိုင်(ဘ)ဦးအောင်မြင့် ၁၂/အလန(နိုင်)၀၄၀၃၃၃မှ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေး ဘုရားလမ်း၊ အမှတ်(၁၉၂)၊ (HAGL)Myanmar Center Tower ၊ Level(၅၆၊၇၊၈) ၊ တာဝါ(၂)တွင်ရှိသော (ရိုးမဘဏ်လီမိတက်)အား ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ (၁၉-၁၀-၂၀၁၈)ရက်တွင် လွှဲအပ်ပေးခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် (၁၁၁၉၅/၂၀၁၈)အား(ရိုးမဘဏ်လီမိတက်)မှပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာကျော် LL.B,D.B.L,D.I.L,D.I.P.L,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**အမှတ်(၃၇)၊မဟာမြင့်မိုရ်လမ်း၊ဆရာစံတောင်ရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၆၅၆၀၂၂၉၀**

## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေး ရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့၊ သရက်တောရပ်ကွက်၊ အကွက်အမှတ်(၁၉)၊ သရက်တောအကွက်၊ ဦးပိုင်အမှတ်(၁၉၅)၊ ဧရိယာ(၀.၈၂)ဧကရှိ ဦးခင်မောင်ကြီး အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား မူလအမည်မှ ဦးချမ်းငြိမ်းကျော် အမည်သို့ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ရက်ပေါင်း(၃၀)အတွင်း ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်တင်ပြကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အမည်ပြောင်းလဲခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ **မြို့နယ်ဦးစီးဌာနမှူး**

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ရွှေတောင်မြို့**

## အကြင်လင်မယားအဖြစ်မှတရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

(ဘ)ဦးမြင့်ဆွေ၏သား မောင်ရဲသူရထွန်း ၁၄/ဒဒရ(နိုင်) ၁၉၅၅၇၂ နှင့် (ဘ)ဦးဆန်းလွင်ဦး၏ သမီး မယုနန္ဒာလွင် ၁၄/ဖပန(နိုင်) ၂၁၉၇၁၆ တို့သည် (၁၉-၁-၂၀၂၅)ရက်တွင် သက်သေများ ရှေ့မှောက်၌ နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်းနှင့် နှစ်ဦးသဘောတူကွာရှင်းပြီးသည့်ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေးကိုယ်ရေးကိုယ်တာကိစ္စအဝဝတို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ သက်ဆိုင်ခြင်းအလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိဖြူနှင်း**
**အထက်တန်းရှေ့နေ(စဉ်-၅၄၅၇၈)**
**ဖုန်း-၀၉-၄၂၀၀၄၇၅၅၅**

## အကြင်လင်မယားအဖြစ်မှတရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

(ဘ)ဦးဇော်မင်းဦး၏သား မောင်ကျော်ရဲထွဋ် ၁၂/ဥကတ(နိုင်) ၁၉၅၅၈၅ နှင့် (ဘ)ဦးမြတ်ကို၏ သမီး မဇွန်ပွင့်ဖြူ ၁၂/တတန(နိုင်) ၂၃၉၁၅၉တို့ သည် (၇-၁-၂၀၂၅)ရက်တွင် သက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူအကြင် လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်းနှင့်နှစ်ဦးသဘောတူကွာရှင်း ပြီးသည့်ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေးကိုယ်ရေးကိုယ်တာကိစ္စအဝဝတို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ သက်ဆိုင်ခြင်းအလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိဖြူနှင်း**
**အထက်တန်းရှေ့နေ(စဉ်-၅၄၅၇၈)**
**ဖုန်း-၀၉-၄၂၀၀၄၇၅၅၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ ဦးရွှေရိုးလမ်း၊အကွက်အမှတ် (၂၇၊ ကျိုက်ဖောခိတောင်ကွက်)၊ ဦးပိုင်အမှတ် (၉/က)၊ အလျားxအနံ(၃၆x ၆၀)ပေအကျယ်ရှိ မောင်အေးဖေ ပါ -၆ အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်မြင့်မြင့်မော်(ဘ)ဦးဘသော် ၁၂/ရကန(နိုင်)၀၄၅၄၇၁ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်အေးမြဆွေ(ဘ) ဦးအောင်ကြည် ၁၄/ဝခမ(နိုင်) ၁၅၁၇၈၄ က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန် ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇာနည် ( LL.B,D.B.L) (စဉ် - ၁၄၆၆၈)** | **ဒေါ်ခင်သီတာမြင့်အောင် ( LL.B )** |
| **ဒေါ်အိအိမော် (ခ) အိသဥ္ဇာအောင်** | **(စဉ် - ၅၂၀၆၄)** |
| **(LL.B ) (စဉ် - ၁၈၇၂၆)** | **အထက်တန်းရှေ့နေ** |
| **တရားလွှတ်တော်ရှေ့နေများ** | |

**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အင်ဂျင်နီယာဌာန(အဆောက်အအုံ)
## အဆင့်မြင့်အိမ်ရာစီမံကိန်းတည်ဆောက်ခြင်းလုပ်ငန်းအတွက် စိတ်ဝင်စားသည့် လုပ်ငန်းရှင်/ကုမ္ပဏီများအား ဖိတ်ခေါ်ခြင်း
Expression of Interest (EOI)

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဓနသိဒ္ဓိရပ်ကွက်၊ တော်ဝင်သီရိလမ်း၏အနောက်ဘက်၊ သံတမန်ဇုန်အနီး၊ မြေဧရိယာ (၃၀)ဧက ခန့်ရှိ နေရာတွင်တည်ဆောက်မည့် အဆင့်မြင့်အိမ်ရာစီမံကိန်းအတွက် အလုံးစုံ ရင်းနှီးမြှုပ်နှံတည်ဆောက်ရန် Developer လုပ်ငန်းရှင်/ကုမ္ပဏီများအား စိတ်ဝင်စားမှု ဖော်ပြခြင်းလျှောက်လွှာ Expression of Interest (EOI) ဖိတ်ခေါ်အပ်ပါသည်။

၂။ Expression of Interest (EOI) Form အဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်များကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ) သို့ (၂၈-၁-၂၀၂၅)ရက်၊ နံနက် (၁၀:၀၀)နာရီမှစ၍ မိမိတို့၏ ကုမ္ပဏီဆိုင်ရာ အထောက်အထားမိတ္တူများပြသလျက် လာရောက်ဝယ်ယူနိုင်ပြီး (၁၁-၂-၂၀၂၅)ရက်၊ ညနေ (၁၆:၀၀)နာရီ နောက်ဆုံးထား တင်သွင်းရပါမည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း အင်ဂျင်နီယာဌာန (အဆောက်အအုံ)၊ ဖုန်း-၀၆၇-၈၁၀၈၂၁၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

---

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## မိတ္ထီလာခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် -၁

**ကွယ်လွန်သူ ဦးကျော်စိန်-ဒေါ်ကြူကြူဝင်းတို့၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ ရပ်ကွက်ကြီး(၄)၊ အမှတ်(၄) နယ်မြေ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးကျော်စိန်-ဒေါ်ကြူကြူဝင်းတို့၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးကျော်စွာဝင်းက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၅ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးကျော်စိန်-ဒေါ်ကြူကြူဝင်း ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၅ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆို ရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းဥပဒေပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဦးကျော်စွာဝင်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေး ဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ကိုထွေး)**
**ဒုတိယခရိုင်တရားသူကြီး**
**မိတ္ထီလာခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ မဟာစည်တိုးချဲ့ရပ်ကွက် အတွင်းရှိ မြေကွက်အမှတ်(၈၀၅)သည် မိတ္ထီလာမြို့ ၊ မြို့တိုးချဲ့ရပ်ကွက် ဖော်ထုတ်ရေးဦးစီးကော်မတီမှ ဗိုလ်မှူးသိန်းနိုင်(လ-က-သ)အားချထားပေးခဲ့သော မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်သူ ဒေါ်အိအိမြင့်မောင် ၉/ကပတ (နိုင်)၂၁၅၆၆၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုမို့မို့စံ ၁၄/ကခန(နိုင်)၀၈၆၃၈၆မှ ကာလတန်ဖိုးတစ်ရပ်ဖြင့် ၂၆-၁-၂၀၂၅ရက်တွင် အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုမို့မို့စံမှ အဆိုပါမြေကွက်အမှတ်(၈၀၅)အားမိမိသာလျှင် တရားဝင်လက်ရှိလက်ရောက်ပိုင်ဆိုင်သော မြေကွက်ဖြစ်ပြီး ယင်းမြေကွက်ပေါ်၌ ဝင်းခြံခတ်ခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်းများပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်စုမို့မို့စံ** | **ဦးဇော်အောင်လွင်(LL.B)** |
| **၁၄/ကခန(နိုင်)၀၈၆၃၈၆** | **တရားလွှတ်တော်ရှေ့နေ** |
| | **စဉ်-၁၆၇၆၆(၂၁-၁၂-၂၀၂၀)** |
| | **မဟာစ(စ)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမ၊** |
| | **မဟာစည်တိုးချဲ့ရပ်၊ မိတ္ထီလာမြို့** |
| | **ဖုန်း-၀၉-၄၄၂၀၀၃၅၃** |

---

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝရပ်ကွက်၊ ဝိသုကြံ(၄)လမ်း၊ အမှတ်(၁၃)နေ ဦးစိန်ဝင်း-ဒေါ်ညိမ်းလှတို့၏သမီး မစုစုငြိမ်း ၁၂/မဂဒ(နိုင်)၁၅၇၂၉၀သည် မိဘများ၏ ပြောဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် မစုစုငြိမ်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမှ လုံးဝ(လုံးဝ) မိဘမောင်နှမများမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင် ဒေါ်ညိမ်းလှ**

---

## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ၊ တိုင်းဒေသကြီး ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တွံတေးတူးမြောင်းမှ တွံတေးမွေးမြူရေးဇုန်သို့ (10") HDPE PIPE ဖြင့် ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၁။ | **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်/အချိန်** | - | ၂၈-၁-၂၀၂၅ရက်(ရုံးချိန်အတွင်း) |
| ၂။ | **တင်ဒါပိတ်မည့်ရက်/အချိန်** | - | ၁၀-၂-၂၀၂၅ရက်၊ (၁၆:၃၀)နာရီ |
| ၃။ | **တင်ဒါပေးသွင်းရမည့်နေရာ** | - | ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့ |

၄။ တင်ဒါပုံစံနှင့်တင်ဒါစည်းမျဉ်းစည်းကမ်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဖုန်း-၀၁-၅၇၇၅၅၃၊ ၀၁-၂၃၃၆၄၀၂ တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

---

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်/ရှေ့ရပ်ကွက်၊ မြို့သစ် (၁)လမ်း၊ တိုက်အမှတ်(၉) ဟုခေါ်တွင်သော (၁) ခန်းတည်း(၇)ထပ်တိုက်၏ ၄-လွှာ၊ အကျယ်အဝန်း ပေ( ၂၅x၅၅ )ရှိတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

အထက်လိပ်စာပါ တိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်မြင့်မြင့်သန်း ၁၂/ပဘတ(နိုင်)၀၀၉၇၂၃ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်နန်းဝေလှိုင် ၁၂/ဒဂတ(နိုင်)၀၇၃၉၆၃ က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင် (LL.B) (စဉ် - ၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင် (LL.B) (စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉- ၅၁၁၈၀၀၇၊ ၀၉- ၅၁၁၅၉၉၀၊ ၀၉- ၅၁၈၃၅၆၉**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ်(M-၁၅၄၊ M-၁၅၆)၊ ဧရိယာ ၀ ဒသမ ၂၂၀ဧကရှိ ဒေါ်စန်းစန်းဝေအမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၈၁/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဝင်းအောင်ထွန်း ၉/ပမန(နိုင်)၁၅၉၅၄၈ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်ခင်စန္ဒာဦး ၁၂/အစန(နိုင်) ၂၃၄၃၇၂နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၃)၊ ဟံသာဝတီလမ်း၊ မြေကွက်အမှတ်(၄၀၆)ဟုခေါ်တွင်သော အမည်ပေါက်မူလပိုင်ရှင် ဒေါ်ညွန့်ရီ(ISN-၁၈၀၉၀၅)၏ ပေ(၄၀x၆၀) ပါမစ်မြေကွက်ထဲမှ အကျယ်အဝန်းပေ(၁၀x၆၀) ရှိသောမြေကွက်နှင့် အကျိုးခံစားခွင့်အားလုံးအား ဆက်စပ်စာချုပ်များနှင့်လက်ရှိတရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နှင်းယုမို့ ၁၂/ဒဂတ(နိုင်)၀၅၁၄၉၀ထံမှ ကျွန်မ ဒေါ်အိသူအောင် ၁၂/ဥကမ(နိုင်)၂၁၀၉၈၃ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အိသူအောင် ၁၂/ဥကမ(နိုင်)၂၁၀၉၈၃**
**ဖုန်း-၀၉-၂၅၀၅၁၀၅၉၅**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1K/7418 Toyota Belta SCP 92 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်မင်းအေး ၅/မရန(နိုင်)၁၅၇၁၁၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

---

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 77W/26159 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ကျော် ၁၄/လမန(နိုင်)၀၉၀၁၁၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ မြေကွက်အမှတ်(ပ-၂၂၅၄၄)ကို အမည်ပေါက် ဒေါ်အေးအေးရီ (ဘ) ဦးစံတင် ၁၂/သဃက(နိုင်)၀၀၆၈၀၃ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးနေဝင်း (ဘ) ဦးဘရင် ၇/ပခန(နိုင်)၀၆၅၉၁၆ မှ မြေငှားစာချုပ်အမည်ပေါက်ပြောင်းလဲသတ်မှတ်ပေးပါရန် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း(မိတ္တူ)၊ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်(၅၁၇/၂၀၂၃)၊ မြေငှားစာချုပ်မိတ္တူ၊ မြေငှားရမ်းခပြေစာ၊ မြေပြင်အခြေအနေပြဓာတ်ပုံတို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ဒက္ခိဏသီရိတောင်ရပ်၊ မြေကွက်အမှတ်(ဒ-၃၂၂၇၂)၊ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဒေါ်မြတ်သီတာအေး (ဘ)ဦးတင်ရွှေ ၅/မရန(နိုင်)၀၀၀၃၃၁ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်မြတ်သီတာအေးမှ ဦးမြင့်ကျော်(ဘ) ဦးလူမောင် ၁၄/ဇလန(နိုင်)၀၀၁၇၇၈နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ နှင်းဆီကုန်းလမ်း၊ အမှတ်(၂၇/B)၊ မြေညီထပ်နေ ကျွန်ုပ်မိတ်ဆွေ ဦးမောင်မောင်လေး ၁၂/ကတတ(နိုင်)၀၁၅၉၃၂ ၏လွှဲအပ်ညွှန်ကြားချက်အရ ကျွန်ုပ်မိတ်ဆွေနှင့် ဒေါ်ဥမ္မာ ၁၂/ကတတ(နိုင်)၀၀၀၄၁၈တို့သည် (၁)မစံပယ်ထွန်း၊ (၂)မသဇင်ထွန်း၊ (၃) မငုဝါထွန်းတို့ဖြင့် ချုပ်ဆိုထားသော ၄-၄-၂၀၂၃ရက်စွဲပါ "မိသားစုအမွေစီမံခန့်ခွဲမှုကတိစာချုပ်"နှင့်ယင်းစာချုပ်တွင် ဖော်ပြထားသော မရွှေ့ပြောင်းနိုင်သောပစ္စည်းဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်း မြို့နယ်၊ (က)ရပ်ကွက်၊ နှင်းဆီကုန်းလမ်း၊ အမှတ်(၂၇/A)နှင့် အမှတ်(၂၇/B)မြေညီထပ်တိုက်ခန်း(၂)ခန်းတို့နှင့်စပ်လျဉ်းပြီး စီမံခန့်ခွဲရန်ချုပ်ဆိုခဲ့သော အထက်ပါစာချုပ်အား ကျွန်ုပ်မိတ်ဆွေ ဦးမောင်မောင်လေးဘက်မှ ပြန်လည်ရုပ်သိမ်းပယ်ဖျက်ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်းနှင့် ယင်းဖော်ပြပါပစ္စည်းတို့သည် ကျွန်ုပ်မိတ်ဆွေ ဦးမောင်မောင်လေးကသာလျှင် တစ်ဦးတည်းပိုင်ဆိုင်သောပစ္စည်းဖြစ်သွားပြီးဖြစ်ကြောင်း ဒေါ်ဥမ္မာ၊ မစံပယ်ထွန်း၊ မသဇင်ထွန်း၊ မငုဝါထွန်းတို့နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှမြင့်(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၂၂)**
**ရုံးအမှတ်(၉၀/A)၊ မြေညီထပ်၊ (၁၅၇)လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၉၅၅၁၆၅၀၆၅**

---

## ပျောက်ဆုံးကြောင်း

(ဘ) ဦးကြည်၏သား ကျွန်တော် ဦးလှိုင်တင့် ၁၂/ဥကတ(နိုင်)၁၅၂၉၂၆ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၁၄၅၁၅၆၈**

---

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1I/2744၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

---

## ပတ်စ်ပို့ပျောက်

ကျွန်မ မအေးအေးတင့် ၁၂/ဥကမ(နိုင်)၂၂၈၉၇၆၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-925420)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၂၃၄၂၄၄၄**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ တပ်ကြပ်လှစိန်(ကိုယ်ပိုင်အမှတ်၄၈၄၈၈၈)၊ ၈/မကန(နိုင်)၀၂၁၀၃၂ (ဘ) ဦးရွှေအမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၄၇၁ အမည်ပေါက်(ကွယ်လွန်)၏တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်ကံစိန် ၈/မကန(နိုင်)၁၁၈၇၁၂ (ဘ) ဦးသာအေးမှ တရားဝင်အမွေခံဇနီးဖြစ်ကြောင်းတရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တပ်ကြပ်လှစိန် သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိအဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့် အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ပျောက်ဆုံးကြောင်း

(ဘ)ဦးမြစံ၏သမီး ကျွန်မ မခတ္တာ ၁၂/လမန(နိုင်)၁၅၂၇၈၅၏ နိုင်ငံကူးလက်မှတ်အမှတ် (MH-462974) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၈၁၃၃၂၆၈၆**

---

## မွေးသက္ကရာဇ်အမှန်

(ဘ) ဦးလာသန်၏သား ကျိုင်းတုံမြို့၊ အလက (ဟွေခါး) ကျောင်း၊ Grade-7မှ မောင်မျိုးရှိန်းအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၂-၁၂-၂၀၁၀ ဖြစ်ပါကြောင်း။

---

## မိခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ အထက(၁)ဓနုဖြူ Grade-12(A)မှ မပို့ပို့လှိုင်၏ မိခင်အမည်မှန်မှာ ဒေါ်လင်းလင်းနိုင် ၁၄/ဓနဖ(နိုင်)၀၉၉၄၃၄ ဖြစ်ပါကြောင်း။

**ဒေါ်လင်းလင်းနိုင်**

---

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ်(၄၈၉)၊ ဦးပိုင်အမှတ်(၂-ခ) ဧရိယာ ၀ ဒသမ ၀၂၀၉ဧက နှင့် ဦးပိုင်အမှတ်(၃) ဧရိယာ ၀ ဒသမ ၀၉၃၆ဧက အကျယ်အဝန်းရှိ ဒေါ်မိမိခိုင် အမည်ပေါက် (ဘိုးဘ) မြေကွက်အတွင်းမှ မျက်နှာပွင့် ၁၆ပေ၊ ရှေ့နောက် ၇၄ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးကျော်သက်ခိုင် (ဘ) ဦးအောင်တင့် ၉/တတဥ(နိုင်)၁၀၅၂၈၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းနိုင်ဦး(LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၆၅၄)**
**၆၈-လမ်း၊ ၃၄ x ၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၄၅၉၈၁၆၄၇၉၈၊ ၀၉-၇၈၉၆၃၂၆၂၈**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သည့် ဦးညွန့်ဆန်း ၉/မနမ(နိုင်)၁၀၇၂၂၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဋ္ဌာနီအရှေ့အကွက် (၂၂)တွင် တည်ရှိသောမြေ တောင်ဘက် ဦးခင်မောင်ဝင်း၏ ချုပ်စပ်မှစတင်ကာ အရှေ့ဘက် ဦးချီ၏ချုပ်စပ်မှ အနောက်ဘက် ပေ၁၃၀ရှိပြီး ၎င်းပေ(၁၃၀)ရှိ နယ်ကုန်မှ မြောက်ဘက်ကို အဖြောင့် ပေ(၂၈၀) တောင်မြောက် မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးစိုးမြင့် (ခ) ဦးမြင့်အောင် (ဘ) ဦးပြန့် ၉/မနမ(နိုင်)၀၂၉၈၆၂နှင့် ဦးမြင့်ဆွေ (ဘ) ဦးပြန့် ၉/မနမ(နိုင်)၀၂၇၇၉၇တို့မှ ၎င်းတို့နှစ်ဦးပိုင်ဆိုင်သည့်မြေကွက်ဖြစ်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆို၍ ဝန်ခံကတိပြု ရောင်းချခဲ့သဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးညွန့်ဆန်းသည် ဦးစိုးမြင့် (ခ) ဦးမြင့်အောင်ထံမှ ၁၀-၉-၂၀၁၁ရက်စွဲပါ နှစ်ဦးသဘောတူ မြေကွက်လပ်အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ အထက်ဖော်ပြပါ မြေကွက်ကို လွှဲပြောင်း လက်ရောက်လက်ခံရရှိထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ မြေကွက်နှင့် ပတ်သက်၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးညွန့်ဆန်း၏ ခွင့်ပြုချက်ရရှိခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ကျူးကျော်ခြင်း၊ ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း တစ်စုံတစ်ရာမပြုလုပ်ရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်တင်တင်ဌေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၉၆)**
**ဖုန်-၀၉-၂၅၀၀၃၈၃၂၉**
**အိုးဘိုအကွက်(၄၀)၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**

**ဒေါ်သီရိစုကြည်လင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၃၅၆၂)**
**ဖုန်း-၀၉-၇၈၉၀၁၁၃၃၅**

## အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သံဒင်း(၂၀)ရပ်ကွက်၊ မကွေး(၃)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ်-(၇၅၄/ခ)၊ ဦးမြအေးအမည်ပေါက် မြေချပါမစ်(မူရင်း) မြေအကျယ်အဝန်း အလျား ပေ၂၀xအနံ ပေ၆၀ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဦးအေးမောင် (KMW-105533) ထံမှ ကျွန်ုပ်မိတ်ဆွေ နန့်အေးသက်မာ ၁၄/ကပန(နိုင်)၁၇၄၇၉၃ က ၂၃-၁၂-၂၀၂၄ရက်တွင် နှစ်ဦးသဘောတူအိမ်နှင့်မြေကွက် အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ် ပြုလုပ်ချုပ်ဆိုကာ တရားဝင် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားသည့် မြေနှင့်အိမ်ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ညိမ်းညိမ်းထွေး (LL.B,D.B.L)** **ဒေါ်အေးငြိမ်းသူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၁၅)** **အထက်တန်းရှေ့နေ(စဉ်-၅၃၂၃၉)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၇၉၃၉၆၇၂၈၄**

## ဖခင်အမည်မှန်

လယ်ဝေးမြို့နယ်၊ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း အေလာမြို့မှ ကျောင်းသူ မြတ်ဖူးငုံ ၉/လဝန(နိုင်)၃၂၉၃၂၃၏ ဖခင်အမည်မှန်မှာ ဦးရာသိန်းဖြစ်ပါကြောင်း။

**ဦးရာသိန်း**

## ပျောက်ဆုံးကြောင်း

မသွယ်မီဆက် (ဘ)ဦးမြင့်အောင် ၁၂/အစန(နိုင်)၀၆၂၈၄၉၏နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၁၈၂၈၁၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၃၅၁၆၃ Honda Wave 100M/C ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(သာယာဝတီ)**

## ကန့်ကွက်နိုင်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၁)(ဘောလုံးကွင်းအကွက်)၊ ဦးပိုင်အမှတ်(၁၆/၄၈)၊ ဧရိယာ ၀ ဒသမ ၈၇၀ ဧကရှိမြေအား ဦးမျိုးမင်းထိုက် ၁၄/ဖပန(နိုင်)၁၃၁၅၉၄ (မိုက္ကရိုဝေ့ပ်စခန်းတာဝန်ခံ)မှ ကန်ကြီးထောင့်မြို့နယ်မိုက္ကရိုဝေ့ပ်စခန်း မြန်မာဆက်သွယ်ရေးလုပ်ငန်းဌာနပိုင်မြေနေရာအမည်ဖြင့် မြေပေးမိန့်လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကန်ကြီးထောင့်မြို့နယ်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁/ ပေါင်းလောင်း-၁၊ ဦးပိုင်/မြေကွက်အမှတ်(၂၉၆/၆၂၆)၊ ဧရိယာ၀ ဒသမ ၀၅၅ဧကရှိ ဦးညွန့်ရှိန် အမည်ပေါက် ပါမစ် မြေကွက်အား ဦးမြင့်စိုး ၉/ပမန(နိုင်)၀၅၈၄၀၂မှ အရောင်းအဝယ်စာချုပ်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့် တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှ စ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

